

IWGIA

POINT
Promotion Of Indigenous and Nature Together

NICFI
Norway's International Climate and Forest Initiative



# အမျိုးသမီး
## လူ့အခွင့်အရေး

# မာတိကာ


၁။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း .............. ၁

၂။ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထားမှုအားလုံး ပပျောက်ရေးသဘောတူစာချုပ် ............ ၁၃

၃။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ............ ၁၉

၄။ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၃၂၅ ............ ၂၁

၅။ ဒေသခံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေငြာစာတမ်းနှင့်
အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထားမှုပပျောက်ရေး သဘောတူစာချုပ်တို့တွင်
ဖော်ပြပါရှိသော ဒေသခံတိုင်းရင်းသူများ၏အခွင့်အရေး ............ ၃၆

၆။ REDD+နှင့် အမျိုးသမီးများ၏ အခွင့်အရေးများ ............ ၃၉

၇။ UNFCCCက ချမှတ်ထားသည့် REDD+ဆိုင်ရာ ကာကွယ်စောင့်ရှောက်ပေးမှုများ ............၄၁

၈။ မြန်မာနိုင်ငံ အမျိုးသားအဆင့် REDD+ဆိုင်ရာ လူမှုရေးနှင့် ပတ်ဝန်းကျင်
ရေးရာကာကွယ် စောင့်ရှောက်ပေးမှုများ ............၄၅

၉။ ပွိုင့် - ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့၏ ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏
အခွင့်အရေးဆိုင်ရာလုပ်ဆောင်မှု မှတ်တမ်းဓါတ်ပုံများ ............၅၁

၁၀။ ပွိုင့် - ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့၏ ဌာနေတိုင်းရင်းသူအမျိုးသမီးများဆိုင်ရာ
ပုံနှိပ်ထုတ်ဝေမှုများ ............၅၈

# အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း




©inxa.png, horseedmedia.net

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းသည် မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသူများ မဖြစ်မနေ သိရှိနားလည်ရန်လိုအပ်သည်။ ထိုကြေညာစာတမ်းပါ အချက်အလက်များအားလုံးသည် အမျိုးသား၊ အမျိုးသမီး ခွဲခြားသတ်မှတ်ထားခြင်းမရှိဘဲ တူညီစွာရပိုင်ခွင့်ရှိသော အခွင့်အရေးများဖြစ်သောကြောင့် အထူးလေ့လာသိရှိထားသင့်ပါသည်။

## လူ့အခွင့်အရေး သမိုင်းကြောင်း

- အမေရိကန်သမ္မတကတော် အယ်လီနာရုစဘဲ့ (Eleanor Roosevelt) ၏ ဦးဆောင်မှုဖြင့်ရေးဆွဲခဲ့သော လူ့အခွင့်အရေး ကြေညာစာတမ်းအပေါ် ကမ္ဘာ့နိုင်ငံများက အထူးစိတ်ဝင်စားခဲ့ကြသည်။

- ထိုကော်မရှင်က မူကြမ်းရေးဆွဲတင်ပြလာသော အပိုဒ်များ ဖွဲ့စည်းပုံအခြေခံဥပဒေပေါင်း (၅၅) ခု ကို လေ့လာခဲ့သည်။

- ၁၉၄၇ ဇန်နဝါရီလမှ ၁၉၄၈ ခုနှစ်အတွင်း အစိုးရများ သုံးသပ်ချက်ကို လက်ခံခဲ့သည်။

- အစည်းအဝေးပေါင်း (၈၁) ကြိမ်ကျင်းပခဲ့ရသည်။ ပြင်ဆင်မှုပေါင်း (၁၆၈) ကြိမ်ပြုလုပ်ခဲ့ရသည်။

- အစိုးရကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြင့် အကြိမ်ကြိမ်ဆွေးနွေးတိုင်ပင်ညှိနှိုင်းမှုများ လုပ်ဆောင်အပြီး ၁၉၄၈ ခု ဇွန်လတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကို အပြီးသတ်ခဲ့သည်။

- ၁၉၄၈ ခု ဒီဇင်ဘာလ ၁၀ ရက်နေ့တွင်ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင်ကျင်းပသော ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ ညီလာခံမှနေ၍ ထိုကြေညာစာတမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။

- နိုင်ငံပေါင်း (၄၈) နိုင်ငံက ထောက်ခံခဲ့သည်။

- ဘဲလတ်ရပ်၊ ချက်ကိုစလိုဗေးကီးယား၊ ပိုလန်၊ ဆော်ဒီအာရေးဘီးယား၊ တောင်အာဖရိက၊ ယူကရိန်း၊ ဆိုဗီယက်ပြည်ထောင်စုနှင့် ယူဂိုစလားဗီးယားစသည့် နိုင်ငံရှစ်နိုင်ငံတို့ မဲမပေးဘဲ ကြားနေခဲ့ကြသည်။

- မြန်မာနိုင်ငံမှ ထောက်ခံခဲ့သည်။

- ကန့်ကွက်သည့်နိုင်ငံလုံးဝမရှိဘဲ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။

- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းတွင် အပိုဒ်ပေါင်း (၃၀) ပါဝင်ပါသည်။

*ကိုးကားသည့်စာအုပ်- လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ) သင်တန်းနည်းပြလမ်းညွှန် ၂၀၀၇*

**အပိုဒ် ၁**

လူတိုင်းသည် တူညီလွတ်လပ်သော ဂုဏ်သိက္ခာဖြင့်လည်းကောင်း၊ တူညီလွတ်လပ်သော အခွင့်အရေးများဖြင့်လည်းကောင်း၊ မွေးဖွားလာသူများ ဖြစ်သည်။ ထိုသူတို့၌ ပိုင်းခြား ဝေဖန်တတ်သော ဉာဏ်နှင့်ကျင့်ဝတ် သိတတ်သော စိတ်တို့ရှိကြ၍ ထိုသူတို့သည် အချင်းချင်းမေတ္တာထား၍ ဆက်ဆံကျင့်သုံးသင့်၏။

**အပိုဒ် ၂**

လူတိုင်းသည် လူ့အခွင့်အရေး ကြေညာစာတမ်းတွင် ဖော်ပြထားသည့် အခွင့်အရေးအားလုံး၊ လွတ်လပ်ခွင့် အားလုံးတို့ကိုပိုင်ဆိုင်ခံစားခွင့်ရှိသည်။ လူမျိုးနွယ်အားဖြင့် ဖြစ်စေ၊ အသားအရောင်အားဖြင့် ဖြစ်စေ၊ ကျား ၊ မ ၊ သဘာဝအားဖြင့် ဖြစ်စေ၊ဘာသာစကားအားဖြင့် ဖြစ်စေ၊ ကိုးကွယ်သည့်ဘာသာအားဖြင့်ဖြစ်စေ၊ နိုင်ငံရေးယူဆချက်၊ သို့တည်းမဟုတ် အခြားယူဆချက်အားဖြင့်ဖြစ်စေ၊ နိုင်ငံနှင့်ဆိုင်သော၊ သို့တည်းမဟုတ် လူမှုအဆင့်အတန်းနှင့်ဆိုင်သော ဇစ်မြစ်အားဖြင့်ဖြစ်စေ၊ ပစ္စည်း ဥစ္စာ ဂုဏ်အားဖြင့်ဖြစ်စေ၊ မျိုးရိုးဇာတိအားဖြင့်ဖြစ်စေ၊ အခြား အဆင့်အတန်းအားဖြင့်ဖြစ်စေ ခွဲခြားခြင်းမရှိစေရ။

နိုင်ငံရေးဆိုင်ရာဖြစ်စေ စီရင်ပိုင်ခွင့်ဆိုင်ရာဖြစ်စေ တိုင်းပြည်အချင်းချင်းဆိုင်ရာဖြစ်စေ၊ အဆင့်အတန်းတစ်ခုခုကို အခြေပြု၍သော်လည်းကောင်း၊ ဒေသနယ်မြေတစ်ခုသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နယ်မြေ၊ သို့တည်းမဟုတ် ကုလသမဂ္ဂ ထိန်းသိမ်းစောင့်ရှောက်ထားရသည့် နယ်မြေ၊ သို့တည်းမဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာတို့ တစိတ် တဒေသလောက်သာ ရရှိသည့် နယ်မြေစသဖြင့် ယင်းသို့သော နယ်မြေများဖြစ်သည်၊ ဖြစ်သည်ဟူသော အကြောင်းကို အထောက်အထားပြု၍သော်လည်းကောင်း ခွဲခြားခြင်း လုံးဝမရှိစေရ။

**အပိုဒ် ၃**

လူတိုင်း၌ အသက်ရှင်ရန်လွတ်လပ်မှုခွင့်နှင့် လုံခြုံစိတ်ချခွင့်ရှိသည်။

## အပိုဒ် ၄

မည်သူကိုမျှ ကျေးကျွန်အဖြစ်၊ သို့တည်းမဟုတ် အစေအပါးအဖြစ်၊ နိုင်ထက်စီးနင်း စေခိုင်းခြင်း မပြုရ၊ လူကို ကျေးကျွန် သဖွယ်အမှုစေခိုင်းခြင်း၊ အရောင်းအဝယ်ပြုခြင်းနှင့် ထိုသဘောသက်ရောက်သော လုပ်ငန်းဟူသမျှကို ပိတ်ပင်တားမြစ်ရမည်။

## အပိုဒ် ၅

မည်သူကိုမျှ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သို့တည်းမဟုတ် ရက်စက်ကြမ်းကြုတ်စွာ လူမဆန်စွာ ဂုဏ်ငယ်စေသော ဆက်ဆံမှုမပြုရ၊ သို့တည်းမဟုတ် အပြစ်ဒဏ်ပေးခြင်းမပြုရ။

## အပိုဒ် ၆

လူတိုင်းတွင် ဥပဒေအရာ၌ လူပုဂ္ဂိုလ်တစ်ဦး အဖြစ်ဖြင့် အရာခပ်သိမ်းတွင် အသိအမှတ်ပြုခြင်းကို ခံယူပိုင်ခွင့် ရှိသည်။

## အပိုဒ် ၇

လူအားလုံးတို့သည် ဥပဒေအရာ၌ တူညီကြသည့်အပြင်၊ ဥပဒေ၏ အကာအကွယ်ကို ခြားနားခြင်း မခံရစေဘဲ တူညီစွာ ခံစားပိုင်ခွင့်ရှိသည်။ ဤကြေညာစာတမ်းပါ သဘောတရားများကိုဖီဆန်၍ ခွဲခြားခြင်းမှုလည်းကောင်း၊ ထိုသို့ခွဲခြားခြင်းကို လှုံ့ဆော်ခြင်းမှုလည်းကောင်း၊ ကင်းလွတ်စေရန် အကာအကွယ်ကို တူညီစွာခံစားပိုင်ခွင့်ရှိသည်။

## အပိုဒ် ၈

ဖွဲ့စည်းပုံအခြေခံဥပဒေကသော်လည်းကောင်း အခြားဥပဒေကသော်လည်းကောင်း လူတိုင်းအတွက် ပေးထားသည့် အခြေခံအခွင့်အရေးများသည် ချိုးဖောက်ဖျက်ဆီးခြင်းခံခဲ့ရလျှင် ထိုသို့ ချိုးဖောက်ဖျက်ဆီးသော ပြုလုပ်မှုကြောင့် ဖြစ်ပေါ်လာသောနစ်နာချက်အတွက် ထိုသူသည် နိုင်ငံဆိုင်ရာ အာဏာပိုင်တရားရုံးတွင် ထိရောက်စွာ သက်သာခွင့်ရနိုင်စေရမည်။

**အပိုဒ် ၉**

မည်သူမျှဥပဒေအရမဟုတ်သော ဖမ်းဆီးခြင်းကိုဖြစ်စေ၊ ချုပ်နှောင်ခြင်းကိုဖြစ်စေ၊ ပြည်နှင်ခြင်းကိုဖြစ်စေမခံစေရ။

**အပိုဒ် ၁၀**

အခွင့်အရေးများနှင့် တာဝန် ဝတ္တရားများကို အဆုံးအဖြတ်ခံရာတွင်လည်းကောင်း၊ ပြစ်မှုကြောင့် တရားစွဲဆိုစီရင်ဆုံးဖြတ်ခံရာတွင်လည်းကောင်း၊ လူတိုင်းသည် လွတ်လပ်၍ဘက်မလိုက်သော တရားရုံးတော်၏ လူအများရှေ့မှောက်တွင် မျှတစွာ ကြားနာစစ်ဆေးခြင်းကို တူညီစွာ ခံစားပိုင်ခွင့်ရှိသည်။

**အပိုဒ် ၁၁**

(၁) လူအများ ရှေ့မှောက်၌ ဥပဒေအတိုင်း စစ်ဆေး၍ ပြစ်မှုကျူးလွန်သည်ဟု ထင်ရှား စီရင်ခြင်းခံရသည့် အချိန်အထိ ပြစ်မှုနှင့်တရားစွဲဆိုခြင်း ခံရသူတိုင်းသည် အပြစ်မဲ့သူဟူ၍ ယူဆခြင်းခံထိုက်သည့် အခွင့်အရေးရှိသည်။ ထိုအမှုကို ကြားနာစစ်ဆေးရာဝယ် စွပ်စွဲခံရသည့် ပြစ်မှုအတွက် ခုခံချေပနိုင်ရန် လိုအပ်သော အခွင့်အရေးများကို ထိုသူအား ပေးပြီးဖြစ်စေရမည်။

(၂) လူတစ်ဦးတစ်ယောက်အား နိုင်ငံဥပဒေအရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေအရဖြစ်စေ၊ ပြစ်မှုမမြောက်သော လုပ်ရပ်သို့မဟုတ် ပျက်ကွက်မှုအရ ဆွဲဆိုပြစ်ပေးခြင်းမပြုရ။ ထို့အပြင် ပြစ်မှုကျူးလွန်စဉ်အခါက ထိုက်သင့်စေနိုင်သော အပြစ်ဒဏ်ထက်ပိုမိုကြီးလေးသော အပြစ်ဒဏ်ကို ထိုက်သင့်ခြင်း မရှိစေရ။

**အပိုဒ် ၁၂**

မည်သူမျှ မိမိသဘောအတိုင်း အေးချမ်းလွတ်လပ်စွာ နေထိုင်ခြင်းကိုသော်လည်းကောင်း၊ မိမိ၏ မိသားစုကိုသော်လည်းကောင်း၊ မိမိ၏နေအိမ်အသိုက်အဝန်းကိုသော် လည်းကောင်း၊ စာပေးစာယူကိုသော်လည်းကောင်း၊ ဥပဒေအရ မဟုတ်သော ဝင်ရောက်စွက်ဖက်ခြင်း မခံစေရ။ ထို့ပြင် မိမိ၏ ဂုဏ်သိက္ခာကိုလည်း အထက်ပါအတိုင်း ပုတ်ခတ်ခြင်း မခံစေရ။ လူတိုင်းတွင် ထိုသို့ဝင်ရောက်စွက်ဖက်ခြင်းမှသော်

လည်းကောင်း ပုတ်ခတ်ခြင်းမှသော်လည်းကောင်း ဥပဒေအရ ကာကွယ်ပိုင်ခွင့် ရှိသည်။

**အပိုဒ် ၁၃**

(၁) လူတိုင်းတွင် မိမိ၏နိုင်ငံနယ်နိမိတ်အတွင်း၌ လွတ်လပ်စွာ သွားလာရွှေ့ပြောင်းနိုင်ခွင့်၊ နေထိုင်ခွင့်ရှိသည်။

(၂) လူတိုင်းတွင် မိမိနေထိုင်ရာ တိုင်းပြည်မှလည်းကောင်း၊ အခြားတိုင်းပြည်မှလည်းကောင်းထွက်ခွာ သွားပိုင်ခွင့်ရှိသည့်အပြင်၊ မိမိ၏တိုင်းပြည်သို့ ပြန်လာပိုင်ခွင့်လည်းရှိသည်။

**အပိုဒ် ၁၄**

(၁) လူတိုင်းသည် ညှဉ်းပန်းနှိပ်စက်ခံနေရခြင်းမှ လွတ်ကင်းရန် အခြားတိုင်းပြည်များ၌ အေးချမ်းစွာ ခိုလှုံနေနိုင်ခွင့်ရှိသည်။

(၂) နိုင်ငံရေးနှင့် မပတ်သက်သည့် ပြစ်မှုများမှသော် လည်းကောင်း၊ ကုလသမဂ္ဂ၏ရည်ရွယ်ချက်နှင့် သဘောတရားမှုများကို ဖီဆန်သော အမှုများမှသော်လည်းကောင်း၊ အမှန်ပေါ်ပေါက်လာသော ပြစ်မှုကြောင့် တရားစွဲဆိုခြင်းခံရသည့်အမှုအခင်းများတွင် အထက်ပါအခွင့်အရေးကို အသုံးမပြုနိုင်စေရ။

**အပိုဒ် ၁၅**

(၁) လူတိုင်းသည်၊ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူခွင့်ရှိသည်။

(၂) ဥပဒေအရ မဟုတ်လျှင် မည်သူမျှ မိမိ၏နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ခြင်း မခံစေရ၊ နိုင်ငံသားအဖြစ် ပြောင်းလဲနိုင်သောအခွင့်အရေးကိုလည်း ငြင်းပယ်ခြင်းမခံစေရ။

**အပိုဒ် ၁၆**

(၁) အရွယ်ရောက်ပြီးသော ယောကျ်ားနှင့် မိန်းမတို့တွင် လူမျိုးကိုသော်လည်းကောင်း၊ နိုင်ငံသားအဖြစ်ကိုသော်လည်းကောင်း ကိုးကွယ်သည့်ဘာသာကိုသော်လည်းကောင်း၊ အကြောင်းပြု၍ ချုပ်ချယ်ကန့်သတ်ခြင်းမရှိဘဲ၊ ထိမ်းမြားနိုင်ခွင့်နှင့် မိသားစုထူထောင်နိုင်ခွင့်ရှိသည်။ အဆိုပါယောကျ်ားနှင့် မိန်းမတို့သည် လင်မယားအဖြစ် ပေါင်းသင်းနေစဉ် အချိန်အတွင်း၌သော်လည်းကောင်း၊ အိမ်ထောင်ကိုဖျက်သိမ်း၍ ကွာရှင်းကြသည့်

အခါ၌လည်းကောင်း၊ လက်ထပ်ပေါင်းသင်း အိမ်ထောင်ပြုခြင်းနှင့် စပ်လျဉ်းသော တူညီသည့် အခွင့်အရေးများကိုရရှိထိုက်သည်။

(၂) သတို့သားနှင့် သတို့သမီးနှစ်ဦးနှစ်ဘက်၏ လွတ်လပ်သော သဘောဆန္ဒရှိမှသာလျှင် ထိမ်းမြားခြင်းကိုပြုရမည်။

(၃) မိသားစုတစ်ခုသည် လူ့အဖွဲ့အစည်း၏ သဘာဝကျသော အခြေခံအဖွဲ့တစ်ရပ်ဖြစ်သည်။ ထိုမိသားစုသည် လူ့အဖွဲ့အစည်းနှင့် အစိုးရတို့၏ ကာကွယ်စောင့်ရှောက်ခြင်းကို ခံယူခွင့်ရှိသည်။

## အပိုဒ် ၁၇

လူတိုင်းတွင် မိမိတစ်ဦးချင်းသော်လည်းကောင်း၊ အခြားသူများနှင့် ဖက်စပ်၍သော်လည်းကောင်း၊ ပစ္စည်းဥစ္စာတို့ကို ပိုင်ဆိုင်ရန် အခွင့်အရေးရှိရမည်။ ဥပဒေအရ မဟုတ်လျှင်၊ မည်သူမျှ မိမိ၏ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို စွန့်လွှတ်ခြင်း မခံစေရ။

## အပိုဒ် ၁၈

လူတိုင်းတွင် လွတ်လပ်စွာ တွေးခေါ် ကြံဆနိုင်ခွင့်၊ လွတ်လပ်စွာ ခံယူရပ်တည်နိုင်ခွင့် နှင့် လွတ်လပ်စွာ သက်ဝင် ကိုးကွယ်နိုင်ခွင့်ရှိသည်။ အဆိုပါ အခွင့်အရေးများ၌ မိမိကိုးကွယ်သည့် ဘာသာကို သို့တည်းမဟုတ် သက်ဝင် ယုံကြည်ချက်ကို လွတ်လပ်စွာ ပြောင်းလဲနိုင်ခွင့် ပါဝင်သည့်အပြင် မိမိတစ်ယောက်ချင်းဖြစ်စေ၊ အခြားသူများနှင့် စုပေါင်း၍ဖြစ်စေ၊ ပြည်သူအများရှေ့မှောက်တွင်သော်လည်းကောင်း၊ ရှေ့မှောက်တွင် မဟုတ်ဘဲသော်လည်းကောင်း၊ မိမိကိုးကွယ်သောဘာသာကို သို့တည်းမဟုတ် သက်ဝင်ယုံကြည်ချက်ကို လွတ်လပ်စွာသင်ပြနိုင်ခွင့်၊ ကျင့်သုံးနိုင်ခွင့်၊ ဝတ်ပြုကိုးကွယ်နိုင်ခွင့်နှင့်ဆောက်တည်နိုင်ခွင့်တို့လည်း ပါဝင်သည်။

## အပိုဒ် ၁၉

လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင်ယူဆနိုင်ခွင့်နှင့် လွတ်လပ်စွာဖွင့်ဟ ဖော်ပြနိုင်ခွင့်ရှိသည်။ အဆိုပါ အခွင့်အရေးများ၌အနှောင့်အယှက်မရှိဘဲ လွတ်လပ်စွာ ထင်မြင်ယူဆနိုင်ခွင့် ပါဝင်သည့်အပြင်၊ နိုင်ငံနယ်နိမိတ်များကို ထောက်ထားရန်မလိုဘဲသတင်းအကြောင်းအရာနှင့် သဘောတရားများကို

တစ်နည်းနည်းဖြင့် လွတ်လပ်စွာ ရှာယူဆည်းပူးနိုင်ခွင့်၊ လက်ခံနိုင်ခွင့်နှင့် ဝေငှဖြန့်ချိခွင့်တို့လည်း ပါဝင်သည်။

**အပိုဒ် ၂၀**

(၁) လူတိုင်းတွင် လွတ်လပ်အေးချမ်းစွာ စုဝေးနိုင်ခွင့်နှင့် ဖွဲ့စည်းနိုင်ခွင့်တို့ ရှိသည်။

(၂)မည်သူကိုမျှ အဖွဲ့အစည်းတစ်ခုသို့ ဝင်စေရန် အတင်းအကျပ်မပြုရ။

**အပိုဒ် ၂၁**

(၁) လူတိုင်းတွင် မိမိနိုင်ငံ၏ အုပ်ချုပ်ရေး၌ ကိုယ်တိုင်ဖြစ်စေ၊ လွတ်လပ်စွာ ရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များမှတစ်ဆင့်ဖြစ်စေ ပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိသည်။

(၂)လူတိုင်းတွင် မိမိ၏နိုင်ငံရှိ ပြည်သူ့ ဝန်ထမ်းအဖွဲ့၌ ဝင်ရောက်နိုင်ရန် တူညီသည့် အခွင့် အရေးရှိသည်။

(၃) ပြည်သူပြည်သားတို့၏ ဆန္ဒသည် အုပ်ချုပ် အာဏာ၏ အခြေခံဖြစ်ရမည်၊ အဆိုပါ ဆန္ဒကို အချိန်ကာလပိုင်းခြားလျက် စစ်မှန်သောရွေးကောက်ပွဲများဖြင့်ထင်ရှားစေရမည်။ ရွေးကောက်ပွဲများတွင်လည်း လူတိုင်းအညီအမျှ ဆန္ဒမဲပေးနိုင်ခွင့် ရှိရမည့်အပြင်၊ ထိုရွေးကောက်ပွဲများကို လျှို့ဝှက်မဲပေးစနစ်ဖြင့် ဖြစ်စေ၊ အလားတူ လွတ်လပ်သော မဲပေးစနစ် ဖြင့်ဖြစ်စေ၊ ကျင်းပရမည်။

**အပိုဒ် ၂၂**

လူတိုင်းတွင် လူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်တစ်ဦးအနေနှင့် လူမှုရေးလုံခြုံခွင့် ရယူပိုင်ခွင့်ရှိသည့် အပြင်နိုင်ငံရေး ကြိုးပမ်းမှုဖြင့်ဖြစ်စေ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဖြင့်ဖြစ်စေ၊ နိုင်ငံအသီးသီး၏ဖွဲ့စည်းပုံနှင့်လည်းကောင်း၊ သယံဇာတအင်အားနှင့်လည်းကောင်းထိုလူ၏ ဂုဏ်သိက္ခာနှင့် စရိုက်လက္ခဏာ လွတ်လပ်စွာ တိုးတက်မြင့်မားရေးအတွက် မရှိမဖြစ်လိုအပ်သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများကို သုံးစွဲပိုင်ခွင့်ရှိသည်။

**အပိုဒ် ၂၃**

(၁) လူတိုင်းတွင် အလုပ်လုပ်ရန်လည်းကောင်း၊ မိမိနှစ်သက်ရာ အသက်မွေးမှု အလုပ်အကိုင်ကို လွတ်လပ်စွာ ရွေးချယ်ရန်လည်းကောင်း၊ တရားမျှတ၍ လုပ်ပျော်သော အလုပ်ခွင်၏အခြေအနေကို ရရှိရန်လည်းကောင်း၊ အလုပ်လက်မဲ့ ဖြစ်ရခြင်းမှအကာအကွယ်ရရှိရန်လည်းကောင်း အခွင့်အရေးရှိသည်။

(၂) လူတိုင်းတွင် ခွဲခြားခြင်းမခံရစေဘဲ၊ တူညီသော အလုပ်အတွက် တူညီသောအခကြေးငွေရနိုင်ခွင့်ရှိသည်။

(၃) အလုပ်လုပ်ကိုင်သည့် လူတိုင်းတွင်၊ မိမိနှင့် မိမိ၏ မိသားစုအတွက် လူ့ဂုဏ်သိက္ခာနှင့်ညီအောင်နေထိုင်စားသောက်နိုင်ရန်၊ စိတ်ချလောက်သည့်ပြင်၊ တရားမျှတ၍ လုပ်ပျော်သည့် လစာကြေးငွေ ရပိုင်ခွင့်ရှိသည်။ လိုအပ်ခဲ့လျှင် အခြား နည်းလမ်းများမှလူမှုရေး အထောက်အပံ့ကိုလည်း ထပ်မံ၍ ရနိုင်ခွင့်ရှိသည်။

(၄) လူတိုင်းတွင် မိမိအကျိုးခံစားခွင့်ကို ကာကွယ်ရန် အလုပ်သမား အစည်းအရုံးများဖွဲ့စည်းခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

**အပိုဒ် ၂၄**

လူတိုင်းတွင် သင့်မြတ်လျော်ကန်စွာ ကန့်သတ်ထားသည့် အလုပ်လုပ်ချိန်အပြင်၊ လစာနှင့်တကွ အခါကာလ အားလျော်စွာ သတ်မှတ်ထားသည့် အလုပ်အားလပ်ရက်များပါဝင်သည့် အနားယူခွင့်နှင့် အားလပ်ခွင့် ခံစားပိုင်ခွင့် ရှိသည်။

**အပိုဒ် ၂၅**

(၁) လူတိုင်းတွင် မိမိနှင့်တကွ မိမိ၏ မိသားစု ကျန်းမာရေးနှင့်တကွ ကိုယ်စိတ်နှစ်ဖြာ အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက်အစာအဟာရ၊ အဝတ်အထည်၊ နေအိမ်၊ ဆေးဝါး အကူအညီနှင့် လိုအပ်သည့် လူမှုအထောက်အပံ့များ ပါဝင်သော သင့်တော်လျောက်ပတ်သည့် လူမှုအဆင့်အတန်းကို ရယူခံစားခွင့် ရှိသည်။ ထို့ပြင် အလုပ်လက်မဲ့ ဖြစ်သောအခါ၌သော်လည်းကောင်း၊ မကျန်းမမာဖြစ်သောအခါ၌သော်လည်းကောင်း၊ ကိုယ်အင်္ဂါ မစွမ်းမသန်ဖြစ်သောအခါ၌ သော်လည်း

ကောင်း၊ မုဆိုးမဖြစ်သော်အခါ၌သော်လည်းကောင်း၊ အသက်အရွယ်အိုမင်းသောအခါ၌သော်လည်းကောင်း၊ မိမိကိုယ်တိုင်ကမတတ်နိုင်သော အကြောင်းကြောင့် ဝမ်းစာ ရှာမှီးနိုင်သောနည်းလမ်းမရှိသောအခါ၌ သော်လည်းကောင်း၊ နေထိုင်စားသောက်ရေးအတွက် လုံခြုံစိတ်ချရမှု အခွင့်အရေးရှိသည်။

(၂) သားသည် မိခင်များနှင့် ကလေးများသည် အထူးစောင့်ရှောက်ခြင်းနှင့် အကူအညီပေးခြင်းကို ရခွင့်ရှိသည်။ ဥပဒေအရ ထိမ်းမြားခြင်းဖြင့်ဖြစ်စေ အခြားနည်းဖြင့်ဖြစ်စေ မွေးဖွားသော ကလေးအားလုံးသည် တူညီသော လူမှုကာကွယ်စောင့်ရှောက်ရေးကို ရယူခံစားကြရမည်။

## အပိုဒ် ၂၆

(၁) လူတိုင်းသည် ပညာသင်ယူနိုင်ခွင့်ရှိသည်၊ အနည်းဆုံးမူလတန်းနှင့် အခြေခံအဆင့်အတန်းများတွင် ပညာသင်ကြားရေးသည် အခမဲ့ဖြစ်ရမည်။ မူလတန်းပညာသည် မသင်မနေရပညာဖြစ်ရမည်။ စက်မှုလက်မှုပညာနှင့် အသက်မွေးမှုပညာများကို ယေဘူယျအားဖြင့်သင်ကြားရယူနိုင်စေရမည်။ ထို့ပြင်အထက်တန်းပညာအတွက် အရည်အချင်းကို အခြေခံပြု၍တူညီသော အခွင့်အရေးရရှိစေရမည်။

(၂) ပညာသင်ကြားရေးကို လူသားတို့၏ စရိုက်လက္ခဏာအပြည့်အဝတိုးတက်မှုအပြင်၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်ရှိသေလေးစားမှုတို့ကို ရှင်သန်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ သင်ကြားစေရမည်။ ပညာသင်ကြားရေးသည် နိုင်ငံအားလုံးတို့တွင် လည်းကောင်း၊ လူမျိုးစုများတွင်လည်းကောင်း၊ ဘာသာရေး အသင်းအဖွဲ့များတွင်လည်းကောင်း၊ အချင်းချင်း နားလည်မှု၊ သည်းခံမှုနှင့် ခင်မင်ရင်းနှီးမှုတို့ကို အားပေးရမည်။ ထို့ပြင်ငြိမ်းချမ်းရေး တည်တံ့အောင် ဆောင်ရွက်ရန် အလို့ငှါ၊ ကုလသမဂ္ဂ၏ ဆောင်ရွက်မှုများကိုလည်း ဖြစ်မြောက်အောင်အားပေးရမည်။

(၃) မိဘတို့တွင်၊ မိမိတို့၏ ကလေးများသင်ယူရမည့် ပညာအမျိုးအစားကို ရွေးချယ်နိုင်သောလက်ဦး အခွင့်အရေး ရှိသည်။

## အပိုဒ် ၂၇

(၁)လူတိုင်းတွင် သက်ဆိုင်ရာ ယဉ်ကျေးမှု လောက၌

လွတ်လပ်စွာ ပါဝင်ဆောင်ရွက်နိုင်ခွင့် သုခုမပညာရပ်များကို လွတ်လပ်စွာလိုက်စား မွေ့လျော်နိုင်ခွင့်၊ သိပ္ပံပညာထွန်းကားရေး လုပ်ငန်းများတွင် လွတ်လပ်စွာဝင်ရောက် လုပ်ကိုင် နိုင်ခွင့်နှင့် ထိုပညာ၏ အကျိုးအာနိသင်များကို လွတ်လပ်စွာ ခံစားသုံးစွဲနိုင်ခွင့်ရှိသည်။

(၂) လူတိုင်းတွင် သိပ္ပံမှုဖြစ်စေ၊ စာပေမှုဖြစ်စေ၊ သုခုမပညာမှုဖြစ်စေ၊ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ကြံစည်ဖန်တီးမှုမှ ဖြစ်ထွန်းလာသည့် ဂုဏ်နှင့် ငွေကြေး အကျိုးအမြတ်များကို ခံစားရယူနိုင်ရန် အခွင့်အရေးအတွက် ကာကွယ်မှုကိုရရှိရန် အခွင့်အရေးရှိသည်။

**အပိုဒ် ၂၈**

လူတိုင်းသည် ဤကြေညာ စာတမ်းတွင် ဖော်ပြထားသည့် အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အပြည့်အစုံ ရယူနိုင်သော လူမှုဆက်ဆံရေး အခြေအနေနှင့် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေး အခြေအနေတို့၏ အကျိုး ကျေးဇူးကို ခံစားနိုင်ခွင့်ရှိသည်။

**အပိုဒ် ၂၉**

(၁) မိမိ၏စရိုက်လက္ခဏာ လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်နိုင်သည့် တစ်ခုတည်းသော လူ့အသိုက်အဝန်းအတွက် လူတိုင်း၌ တာဝန်ရှိသည်။

(၂) မိမိ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို သုံးစွဲရာတွင် လူတိုင်းသည်၊ အခြားသူများ၏ အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကိုအသိအမှတ်ပြု၍ ရိုသေလေးစားစေရန် အလို့ငှာလည်းကောင်း၊ ဒီမိုကရေစီကျင့်သုံးသော လူ့အဖွဲ့အစည်းတွင်ကိုယ်ကျင့်တရားအပြင်၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းရေးတို့အတွက်၊ တရားမျှတစွာ ကျင့်ဆောင်ရန် အလို့ငှာလည်းကောင်း၊ ဥပဒေက ပြဋ္ဌာန်းထားသည့် ချုပ်ချယ်မှုများဖြင့်သာ ကန့်သတ်ခြင်းခံရမည်။

(၃) အဆိုပါ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို မည်သည့်အမှုကိစ္စတွင်မျှ ကုလသမဂ္ဂ၏ ရည်ရွယ်ချက်များနှင့်လည်းကောင်း၊ အခြေခံမူများနှင့်လည်းကောင်း ဆန့်ကျင်၍

မသုံးစွဲရ။

**အပိုဒ် ၃၀**

ဤကြေညာစာတမ်းပါ အခွင့်အရေးနှင့်တကွ လွတ်လပ်ခွင့်များ ပျက်စီးရာပျက်စီးကြောင်းတို့ကိုရည်ရွယ်၍၊ နိုင်ငံ တစ်နိုင်ငံအတွက်ဖြစ်စေ၊ လူတစ်စုအတွက်ဖြစ်စေ၊ လူတစ်ဦးတစ်ယောက်အတွက်ဖြစ်စေ ပါဝင်ဆောင်ရွက်ရန် အခွင့်ရှိသည်ဟု သော်လည်းကောင်း၊ ကိုယ်တိုင်ဆောင်ရွက်ရန် အခွင့်ရှိသည်ဟု သော်လည်းကောင်း အဓိပ္ပါယ် ပိုင်းခြားကောက်ယူခြင်း မရှိစေရ။

ကိုးကားချက်- *Online Burma/Myanmar Library*

## အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထားမှုအားလုံး ပပျောက်ရေးသဘောတူစာချုပ်



© nodogenero.blogspot.com

လူ့အခွင့်အရေးကို အခြေခံထား၍ အမျိုးသမီးများအတွက် နိုင်ငံတကာမှ အထူးပြုဆွေးနွေးသဘောတူထားသော သဘောတူစာချုပ်မှာ CEDAW (အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထားမှုအားလုံး ပပျောက်ရေး သဘောတူစာချုပ်) ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းအရ ကျား၊ မ မရွေး အခြေခံလူ့အခွင့်အရေး ရပိုင်ခွင့် သတ်မှတ်ထားရှိသော်လည်း ကမ္ဘာနှင့်အနှံ့ နိုင်ငံယဉ်ကျေးမှု မတူညီမှုများကြားတွင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံရခြင်းများ ဆက်လက်ကြုံတွေ့နေရသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည်လည်း အထက်ပါ သဘောတူစာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးထားသော နိုင်ငံဖြစ်သောကြောင့် ဌာနေတိုင်းရင်းသူများအနေနှင့် သဘောတူစာချုပ်ပါ အချက်အလက်များကို အထူးလေ့လာ သိရှိထားသင့်ပါသည်။

## စီဒေါ (CEDAW) သမိုင်းကြောင်း

- အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဖိနှိပ်ထားမှုများ အားလုံးပပျောက်ရေးသဘောတူစာချုပ်ကို ၁၉၇၉ ခုနှစ် ဒီဇင်ဘာ (၁၈) ရက်နေ့တွင်ပြဋ္ဌာန်းခဲ့သည်။
- ထိုစာချုပ်သည် ၁၉၈၁ စက်တင်ဘာလ (၃) ရက်နေ့တွင် အသက်ဝင်ခဲ့ပါသည်။
- မြန်မာနိုင်ငံသည် ၁၉၉၇ ဇူလိုင်လ (၂၂) ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။
- နိုင်ငံပေါင်း (၁၇၄) နိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ အပိုဒ်ပေါင်း (၃၀) ပါဝင်ပါသည်။

### အပိုဒ် (၁)

အမျိုးသမီးများအား ခွဲခြားဆက်ဆံခြင်းဟု အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ခွဲခြားထားခြင်း၊ ထုတ်ပယ်ထားခြင်း၊ ကန့်သတ်ချုပ်ချယ်ထားခြင်းတို့အား လိင်မတူညီခြင်းအပေါ်အခြေခံ၍ ပြုလုပ်ထားခြင်းဖြစ်ပြီး ထိုအချက်သည် ဩဇာလွှမ်းခြင်း (သို့) ပိုမိုဆိုးရွားစေရန်ရည်ရွယ်ခြင်း (သို့) အသိအမှတ်မပြုခြင်း၊ အမျိုးသမီးများအား အသုံးပြုခြင်း (သို့) အနှောက်အယှက်ပြုခြင်း၊ အိမ်ထောင်ပြုထားခြင်းကို ပဓာနမထားခြင်းတို့အား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အများပြည်သူနှင့်ဆိုင်သော (သို့) အခြားမည်သည့်နယ်ပယ်တွင်မဆို အမျိုးသားများနှင့် အမျိုးသမီးများတို့၏ လူ့အခွင့်အရေး (သို့) အဓိကကျသောလွတ်လပ်မှုတို့တွင် အခြေခံသော တူညီမျှခံစားရခြင်းအပေါ်တွင် မူတည်သည်ဟု အဓိပ္ပါယ်ရပါသည်။

### အပိုဒ် (၂)

အမျိုးသမီးများအား ခွဲခြားဆက်ဆံခြင်းကို ပိတ်ပင်ရန်နိုင်ငံတော်အစိုးရအဖွဲ့အစည်းများမှ ပုံစံမျိုးစုံဖြင့် နိုင်ငံရေးညွှန်ကြားချက်များထုတ်ပြန်၍ အခြေခံနည်းဥပဒေအားလုံး၊ မူဝါဒနှင့်ခွဲခြားဆက်ဆံခြင်းများကို ကာကွယ်ပေးသည့် လက်တွေ့ကျင့်သုံးမှုများသည် တရားဥပဒေဘောင်အတွင်း အမှန်တကယ်တည်ရှိစေရန်နှင့် သာတူညီမျှခံစားရခြင်း၏ အခြေခံသဘောတရားအား အကောင်အထည်ဖော်ရန် ပြဋ္ဌာန်းထားသည်။

**အပိုဒ် (၃)**

အမျိုးသမီးများ၏ လူ့အခွင့်အရေးရရှိခြင်းကို အာမခံနိုင်ရန် အများပြည်သူနှင့်ဆိုင်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်အားလုံးတွင် နိုင်ငံအလိုက် အစိုးရအဖွဲ့အစည်းများမှ လက်တွေ့အရေးယူဆောင်ရွက်ရန် ဖြစ်ပါသည်။

**အပိုဒ် (၄)**

နိုင်ငံအလိုက် အစိုးရအဖွဲ့အစည်းများမှ ယာယီအထူးလုပ်ဆောင်ချက်များဆောင်ရွက်၍ သာတူညီမျှခံစားရခြင်းကို အကောင်အထည်ဖော်နိုင်ရန် အရှိန်မြှင့်တင်ပေးရန် ဖြစ်ပါသည်။

**အပိုဒ် (၅)**

ရိုးရာအစဉ်အလာအမူအကျင့်များကို ခေတ်နှင့်အညီ ပြန်လည်ပြုပြင်ရန်လိုအပ်ကြောင်းနှင့် မိခင်များ၏ လူမှုရေးလုပ်ငန်းများ၊ သမရိုးကျတာဝန်ဖြစ်သော ကလေးများပြုစုပျိုးထောင်ခြင်းများကို အသိအမှတ်ပြုရန် လိုအပ်ကြောင်းကြေငြာသည်။

**အပိုဒ် (၆)**

နိုင်ငံတော်အစိုးရအဖွဲ့အစည်းများသည် အမျိုးသမီးများအား လူကုန်ကူးခြင်းနှင့် အမျိုးသမီးများ၏ ပြည့်တန်ဆာလုပ်ငန်းမှ ခေါင်းပုံဖြတ်ခြင်းများကို နှိမ်နှင်းသည့် လုပ်ငန်းများတာဝန်ယူဆောင်ရွက်ရန်ဖြစ်ပါသည်။

**အပိုဒ် (၇)**

နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအား ညွှန်ကြားချက်ထုတ်ပြန်စေရန် အမျိုးသမီးများအား နိုင်ငံရေးနှင့် အများလူထုနှင့်ဆိုင်သော ကိစ္စရပ်များတွင် ခွဲခြားဆက်ဆံခြင်းအားအဆုံးသတ်စေရန်နှင့် အမျိုးသမီးများအား ဆန္ဒမဲပေးပိုင်ခွင့်သေချာစွာရရှိစေရမည် ဖြစ်ပါသည်။ ရွေးချယ်တင်မြှောက်ပွဲတွင်လည်း အရည်အချင်းပြည့်မှီသူများဖြစ်စေရပါမည်။ အမျိုးသမီးများအား မူဝါဒရေးဆွဲရာတွင်လည်းကောင်း၊ ရုံးပိုင်းဆိုင်ရာတွင်လည်းကောင်း၊ အသင်းအဖွဲ့များတွင်လည်းကောင်း၊ အစိုးရ

မဟုတ်သော အဖွဲ့အစည်းများတွင်လည်းကောင်း ပါဝင်စေရမည် ဖြစ်ပါသည်။

### အပိုဒ် (၈)

အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူ အပြည်ပြည်ဆိုင်ရာ အစိုးရအဖွဲ့များတွင် ကိုယ်စားပြုပါဝင်ခွင့် ရှိစေရန် လိုအပ်သည်။

### အပိုဒ် (၉)

အမျိုးသမီးများသည် အမျိုးသားများနည်းတူ ရယူပိုင်ခွင့်၊ ပြောင်းလဲပိုင်ခွင့်၊ မိမိနှင့်မိမိ၏ သားသမီးများ၏ နိုင်ငံသား ဆက်လက် ထိန်းသိမ်းပိုင်ခွင့်ရှိရန် ပြဋ္ဌာန်းသည်။

### အပိုဒ် (၁၀)

နိုင်ငံတော်အစိုးရအဖွဲ့အစည်းများမှ ပညာရေးနှင့်ဆိုင်သော ကိစ္စရပ်များတွင် ခွဲခြားဆက်ဆံနေခြင်းကို အဆုံးသတ်စေရန်၊ အသက်မွေးဝမ်းကြောင်းပညာနှင့်ဆိုင်သော လေကျင့်ရေးသင်တန်းများ၊ လေ့လာဆည်းပူးခဲ့သည့် ဘာသာရပ်များကို အသုံးချခွင့်နှင့် အခြားသောနည်းလမ်းများဖြင့် ပညာသင်ကြားခွင့်သာ တူညီမျှစွာရရှိရေးတို့အပြင် အမျိုးသားများနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍများကို မူသေပုံစံသဘောထားခြင်းများပယ်ဖျက်ရန်အတွက် တာဝန်ယူဆောင်ရွက်ရန် ဖြစ်ပါသည်။

### အပိုဒ် (၁၁)

အလုပ်ခန့်ထားခြင်း၊ အလုပ်လုပ်ကိုင်ခွင့်ရရှိရေး၊ အလုပ်ရရှိရန်အခွင့်အလမ်းများ၊ သာတူညီမျှလုပ်ခ ရရှိရေး၊ အသက်မွေးဝမ်းကြောင်းနှင့် အလုပ်အကိုင်ကို လွတ်လပ်စွာရွေးချယ်ခွင့်၊ လူမှုဖူလုံရေး၊ ကျန်းမာရေးအတွက် ကာကွယ်စောင့်ရှောက်ခွင့်၊ ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးအပါအဝင်၊ အိမ်ထောင်ပြုခြင်းနှင့် ကိုယ်ဝန်ဆောင်ခြင်းတို့ကြောင့် အမျိုးသမီးများအား ခွဲခြားဆက်ဆံနေခြင်းအား ညွှန်ကြားချက်ထုတ်ပြန်၍ အဆုံးသတ်စေရန် ပြဋ္ဌာန်းသည်။

**အပိုဒ် (၁၂)**

ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သတ်၍ ခွဲခြားဆက်ဆံနေခြင်းကို ပယ်ဖျက်ပစ်ရန်အတွက် အဆင့်ဆင့်ဆောင်ရွက်ရန်လိုအပ်ပြီး မိသားစုစီမံကိန်းချမှတ်ရေးအတွက်လည်း ဝန်ဆောင်မှုများရရှိရန် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

**အပိုဒ် (၁၃)**

အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ လူမှုရေးနှင့် စီးပွားရေးနယ်ပယ်တွင်သာ တူညီမျှရပိုင်ခွင့်ကို သေချာစွာခံစားစေရမည် ဖြစ်ပါသည်။ မိသားစုအကျိုးအမြတ်ခံစားခွင့်များ၊ ပေါင်နှံခြင်းများ၊ ဘဏ်ချေးငွေများတို့တွင် သာတူညီမျှခံစားစေရမည် ဖြစ်ပါသည်။ အပန်းဖြေရန်ဖျော်ဖြေမှုများနှင့် အားကစားတို့တွင်လည်း တန်းတူပါဝင်စေရမည် ဖြစ်ပါသည်။

**အပိုဒ် (၁၄)**

ကျေးလက်ဒေသရှိအမျိုးသမီးများ ရင်ဆိုင်နေရသော သီးခြားပြဿနာများအား အာရုံစူးစိုက်ရမည် ဖြစ်ပါသည်။ ထိုအာရုံစိုက်ရမည့်အချက်များတွင် အမျိုးသမီးများပါဝင်ရမည့် ဖွံ့ဖြိုးစီမံကိန်းများ၊ လုံလောက်သောကျန်းမာရေးအတွက် ဂရုပြုစောင့်ရှောက်ခွင့်ရရှိရန် အခွင့်အလမ်းများ၊ ချေးငွေ၊ ပညာရေးနှင့်ပြည့်စုံလုံလောက်သော လူနေအိမ်ခြေ အဆင့်အတန်းရရှိရေးတို့ အပါအဝင် ဖြစ်ပါသည်။

**အပိုဒ် (၁၅)**

နိုင်ငံတော်အစိုးရအဖွဲ့အစည်းများမှဥပဒေရှေ့မှောက်တွင် သာတူညီမျှရပိုင်ခွင့်ကို သေချာစွာရရှိစေရန် ရှေ့တစ်လှမ်းတိုးဆောင်ရွက်ရန်နှင့် စာချုပ်များ၊ ပိုင်ဆိုင်သည့်ပစ္စည်းများကို စီမံပိုင်ခွင့်၊ မိမိနေထိုင်မည့်နေရာရွေးချယ်ပိုင်ခွင့် စသည်တို့သည် ဥပဒေဘောင်အတွင်း လုပ်ပိုင်ခွင့်ရရှိစေရန်ဖြစ်ပါသည်။

**အပိုဒ် (၁၆)**

အိမ်ထောင်ပြုခြင်းနှင့် မိသားစုဆက်နွယ်ရေးတို့တွင် သာတူညီမျှခံစားခွင့် အမှန်တကယ်ရရှိစေရန် တိုးတက်ဆောင်ရွက်မှုများလိုအပ်သည်။ အမျိုးသားများနှင့်တန်းတူ မိမိ၏

အိမ်ထောင်ဖက်ကို လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိရမည် ဖြစ်ပါသည်။ ကလေးများအပေါ် သာတူညီမျှရပိုင်ခွင့်နှင့် တာဝန်ရှိမှုကို တန်းတူညီတူရှိစေရမည် ဖြစ်ပါသည်၊ မွေးဖွားရန်ကလေးအရေအတွက်သတ်မှတ်ခြင်းနှင့် သားဆက်ခြားခြင်းကာလကို လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ရှိစေရန်၊ ထိုကဲ့သို့ပြုလုပ်ရန်နည်းလမ်းနှင့် ပိုင်ဆိုင်သည့် ပစ္စည်းများအား တန်းတူပိုင်ဆိုင်ခွင့် အခွင့်အရေးရရှိရမည် ဖြစ်ပါသည်။

## အပိုဒ် (၁၇)

အမျိုးသမီးများအား ခွဲခြားဆက်ဆံခြင်းကို ပယ်ဖျက်ရေးကော်မတီတစ်ရပ်ဖြစ်သော Committee on the Elimination of Discrimination against Women (CEDAW) ကို တည်ထောင်ရန်အတွက် ဆင့်ဆိုတောင်းခံလိုက်ခြင်းသည် ဤအစည်းအဝေးပွဲ၏ တိုးတက်မှုရလဒ်ကိုဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

## အပိုဒ် (၁၈)

အတည်ပြုသည့်နိုင်ငံများမှ တိုးတက်မှုအစီရင်ခံစာများ တင်သွင်းရန် အစီအစဉ်ပြုလုပ်ရမည်။

## အပိုဒ် (၁၉)

CEDAW ကော်မတီအား လုပ်ထုံးလုပ်နည်း စည်းမျဉ်း ဥပဒေများပြုလုပ်ခွင့်ပေးပြီး တာဝန်ထမ်းဆောင်မည့် အရာရှိများအား သက်တမ်း (၂) နှစ်သတ်မှတ်ပေးသည်။

## အပိုဒ် (၂၀)

နိုင်ငံတော်အစိုးရအဖွဲ့အစည်းများ၏ အစီရင်ခံစာကို ဖတ်ရှုလေ့လာရန်အတွက် CEDAW အစည်းအဝေးအား နှစ်စဉ်ကျင်းပရန် သတ်မှတ်ပေးသည်။

## အပိုဒ် (၂၁)

CEDAW ကော်မတီသည် အထွေထွေညီလာခံသို့ နှစ်စဉ်အစီရင်ခံစာတင်သွင်းပြီး နိုင်ငံတော်အစိုးရ အဖွဲ့အစည်း

များ၏ အစီရင်ခံစာအပေါ် အခြေခံ၍ အကြံပြုချက်နှင့် ယေဘုယျထောက်ခံချက်များပြုလုပ်ရန် ညွှန်ကြားသည်။

## အပိုဒ် (၂၂)

ကုလသမဂ္ဂအထူးကျွမ်းကျင်မှုဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များကို CEDAW အတွက် အစီရင်ခံစာများ တင်သွင်းပေးရန် ဖိတ်ခေါ်ရန်ဖြစ်ပါသည်။

## အပိုဒ် (၂၃) မှ (၃၀)

လက်တွေ့ဆောင်ရွက်နိုင်ရန်အတွက် အခြေကျသည့် အချက်များနှင့် သဘောတူညီချက်များကို လိုက်နာကြစေရန် ခွင့်ပြုနိုင်သော အချက်များကို သီးသန့်ပြင်ဆင်ထားရန်နှင့် နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများအတွင်း အငြင်းပွားနေခြင်းအား မည်ကဲ့သို့ ဖြေရှင်းမည်ကို လျာထားသတ်မှတ်သည်။

*ကိုးကားချက် - CEDAW အပိုဒ်များကို NGO Gender Group ဘာသာပြန် အရင်းအမြစ်*

# အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃–၂၀၂၂)



© www.esem.org.mk

အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထားမှုအားလုံး ပပျောက်ရေး သဘောတူစာချုပ်ပါ
အချက်အလက်များ နိုင်ငံအဆင့် ဆီလျော်သည့် လုပ်ငန်းဆောင်တာများ အကောင်အထည်ဖော်နိုင်ရန်အတွက်
အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်းကို
အောင်မြင်စွာ ရေးဆွဲနိုင်ခဲ့ပါသည်။ ထို့ကြောင့် မိမိနိုင်ငံအတွက် ချမှတ်ထားသည့် စီမံကိန်းကို သိရှိနားလည်ပြီး
မိမိပါဝင်နိုင်သည့်ကဏ္ဍမှ အားဖြည့်ဆောင်ရွက်နိုင်ရန်အတွက် လေ့လာသိရှိနိုင်ရန် ဖော်ပြအပ်ပါသည်။

ဤအမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းကို မြန်မာအမျိုးသမီးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)၊ စီဒေါသဘောတူစာချုပ်၊ ဘေဂျင်းလုပ်ငန်းစီမံချက်များကို အခြေခံကာ အဓိကနယ်ပယ် (၁၂) ရပ်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

၁။ အမျိုးသမီးများနှင့်အသက်မွေးဝမ်းကျောင်းမှု
၂။ အမျိုးသမီးများနှင့် ပညာရေး၊ လေ့ကျင့်သင်ကြားရေး
၃။ အမျိုးသမီးများနှင့် ကျန်းမာရေး
၄။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု
၅။ အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေများ
၆။ အမျိုးသမီးများနှင့် စီးပွားရေး
၇။ အမျိုးသမီးများနှင့် ဆုံးဖြတ်ချက်ချမှတ်ရေး
၈။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာလုပ်ငန်း ယန္တရားများ
၉။ အမျိုးသမီးများနှင့် လူ့အခွင့်အရေး
၁၀။ အမျိုးသမီးများနှင့် မီဒီယာ
၁၁။ အမျိုးသမီးများနှင့် သဘာဝပတ်ဝန်းကျင်
၁၂။ အမျိုးသမီးငယ်ရွယ်များ

## အဓိကလုပ်ငန်းကြီး ၄ ရပ်ချမှတ်

အဓိကလုပ်ငန်းနယ်ပယ်တစ်ခုချင်းစီကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တိကျသည့် ဦးတည်ချက်များ သီးသန့် ချမှတ်ထားပြီး လုပ်ငန်းနယ်ပယ်တစ်ခုချင်းစီတွင် ဆောင်ရွက်ရမည့် အဓိကလုပ်ငန်းကြီး (၄) ရပ် ချမှတ်ထားပါသည်။

၎င်းတို့မှာ -

(က) သုတေသနပြုခြင်း (သို့မဟုတ်) စစ်တမ်းကောက်ယူခြင်း
(ခ) အသိပညာပေးခြင်း
(ဂ) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း
(ဃ) ဘတ်ဂျက်နှင့် မူဝါဒချမှတ်ဆောင်ရွက်ခြင်းတို့ဖြစ်သည်။

## အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

စီမံခန့်ခွဲရေးကော်မတီကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ဖွဲ့စည်းသွားမည်ဖြစ်ပြီး အဓိကဦးစားပေးနယ်ပယ်တစ်ခုချင်းစီအလိုက် သက်ဆိုင်ရာတာဝန်ရှိ ဝန်ကြီးဌာန/ဦးစီးဌာနများ ထားရှိ

ဆောင်ရွက်သွားရန် ရည်ရွယ်ထားသည်။ (၅) နှစ်ကာလ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်ကို တိုင်းတာနိုင်မည့် ညွှန်းကိန်းများသတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အရင်းအမြစ်လျာထားသတ်မှတ်ဆောင်ရွက်မည့် အစီအစဉ်များ (ငွေကြေးနှင့် လူ့အရင်းအမြစ်များ) ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းမူဘောင်များ သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပူးတွဲလက်တွဲဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းများ၊ မိတ်ဖက်များကို ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဤမဟာဗျူဟာ စီမံကိန်းကို အကောင်အထည်ဖော်ရန်အတွက် အချိန်ကာလအားဖြင့် ၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ (၁၀ နှစ်) သတ်မှတ်ထားပါသည်။

*ကိုးကားချက် - အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) မှ အချို့ကို ထုတ်နှုတ်ထားပါသည်။*

# ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၃၂၅



မြန်မာနိုင်ငံသည် နှစ်ပေါင်း ၆၀ ကျော်မျှ ပြည်တွင်းစစ်ကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသောနိုင်ငံ ဖြစ်ပါသည်။ စစ်ပွဲများသည် အမျိုးသမီးများအပေါ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိခိုက်နစ်နာစေသောကြောင့် ပဋိပက္ခများဖြေရှင်းရာတွင်လည်း အမျိုးသမီးများ ပါဝင်ဆောင်ရွက်ရန် အရေးပါလှပါသည်။ ထို့ကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် (၁၃၂၅) ဖြစ်သည့် စစ်ပွဲများကြောင့် အမျိုးသမီးများအပေါ် ထိခိုက်နစ်နာမှု၊ ပဋိပက္ခဖြေရှင်းရေးတွင် အမျိုးသမီးများ၏ အရေးပါမှုဆိုင်ရာ အကြောင်းအရာများ လေ့လာသိရှိနိုင်ရန် ဖော်ပြအပ်ပါသည်။

## ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် (၁၃၂၅)

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ ကို ၂၀၀၀ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများမှ တညီတညွတ်တည်း သဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်၊ ယင်းဆုံးဖြတ်ချက်သည် လုံခြုံရေးကောင်စီက ချမှတ်ခဲ့ဖူးသော ဆုံးဖြတ်ချက်များထဲတွင် စစ်ပွဲများကြောင့် အမျိုးသမီးများအပေါ် ထိခိုက်နစ်နာမှု၊ ပဋိပက္ခဖြေရှင်းရေးတွင် အမျိုးသမီးများ၏အရေးပါမှုနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတို့နှင့် စပ်လျဉ်းသည့် အထူးအလေးထား ဆုံးဖြတ်ခဲ့သည့် ပထမဦးဆုံးသော ဆုံးဖြတ်ချက်လည်းဖြစ်သည်။

- လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များဖြစ်သည့် အမှတ် ၁၂၆၁ (၁၉၉၉) ၂၅ ရက်၊ ဩဂုတ်လ ၁၉၉၉၊ အမှတ် ၁၂၆၅ (၁၉၉၉) ၁၇ ရက်၊ စက်တင်ဘာလ ၁၉၉၉၊ အမှတ် ၁၂၉၆ (၂၀၀၀) ၁၉ ရက်၊ ဧပြီလ ၂၀၀၀၊ အမှတ် ၁၃၁၄(၂၀၀၀)၊ ၁၁ ရက်၊ ဩဂုတ်လ ၂၀၀၀ တို့ကို ပြန်လည်သတိပြုလျက်လည်းကောင်း၊ ထို့အပြင်လုံခြုံရေးကောင်စီဉက္ကဋ္ဌက ထုတ်ပြန်ခဲ့သည့် ဆက်စပ်လျက်ရှိသော ထုတ်ပြန်ချက်များကိုလည်း ပြန်လည်သတိ ပြုလျက်လည်းကောင်း၊ ၈ ရက်၊ မတ်လ ၂၀၀၀ (အက်စ်စီ/၆၈၁၆) နေ့တွင် ကျရောက်သည့် အမျိုးသမီးအခွင့်အရေးနှင့် နိုင်ငံတကာငြိမ်းချမ်းရေးတို့အတွက် ကုလသမဂ္ဂနေ့ အခါသမယအား အလေးအနက်ပြုလျက်လည်းကောင်း၊

- ဘေကျင်း ကြေညာချက်နှင့် လုပ်ငန်းလမ်းညွှန်မှုဝါဒ (အေ/၅၂/၂၃၁)ပါ မဖြစ်မနေဆောင်ရွက်မည်ဟု သန္နိဋ္ဌာန်ပြုထားသည်တို့ကို ပြန်လည်သတိပြုလျက် လည်းကောင်း၊ =သက္ကရာဇ် ၂၀၀၀ အမျိုးသမီး၏ ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် (၂၃) ကြိမ်မြောက် ကုလသမဂ္ဂ အထူး အထွေထွေညီလာခံမှထွက်ပေါ်ခဲ့သည့် ရလဒ်မှတ်တမ်းများတွင် ပါဝင်သည်တို့ကို ပြန်လည်သတိပြုလျက်လည်းကောင်း၊

- နှစ်ဆယ့်တစ်ရာစုတွင် လိင်တူလိင်ကွဲမခွဲခြားသည့် တန်းတူညီမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေး (အေ/အက်စ် - ၂၃/၁၀/အာရ်အီးဗီ ၁)၊ အထူးသဖြင့် အမျိုးသမီးများနှင့် လက်နက်ကိုင်ပဋိပက္ခတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊

- ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်နှင့် မူဝါဒများ၊ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ ပဋိညာဉ်စာတမ်းပါလုံခြုံရေးကောင်စီ၏ အဓိကထမ်းဆောင်ရန် တာဝန်များကို အထူးသတိပြုနှလုံးသွင်းလျက်လည်းကောင်း၊

- လက်နက်ကိုင်ပဋိပက္ခများ၏ဆိုးကျိုးကြောင့် ဒုက္ခခံစားရသူများ၊ အရပ်သားများ (အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ)၊ ဒုက္ခသည်များနှင့် နေရပ်ရင်းမှ အတင်းအဓမ္မ ရွှေ့ပြောင်းမောင်းထုတ်ခြင်းခံရသူများသည် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်သူများနှင့် စစ်သားများမှ၎င်းတို့အပေါ် အဓိက ပစ်မှတ်သဖွယ် ပြုမူမှုများ တိုးပွားလာခြင်းတို့အပေါ် စိုးရိမ်မှုအားဖော်ပြလျက် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးနှင့် ပြန်လည်သွေးစည်းညီညွတ်ရေးအပေါ် ထိခိုက်စေသည့် အကျိုးဆက်များအား အထူးသတိပြုလျက်လည်းကောင်း၊

- ငြိမ်းချမ်းမှုတည်ဆောက်ခြင်း၊ ပဋိပက္ခဖြေရှင်းခြင်းနှင့် တားဆီးကာကွယ်ခြင်းတို့တွင် အမျိုးသမီးများ၏ အရေးပါသော အခန်းကဏ္ဍအား ပြန်လည်အတည်ပြုအာမခံ၍လည်းကောင်း၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးဆိုင်ရာ ကဏ္ဍများတွင်လည်း ၎င်းတို့၏ တန်းတူညီမျှအချိုးကျ အပြည့်အဝပါဝင်ဆောင်ရွက်မှု၏ အရေးပါမှုအား အလေးအနက်ပြု၍ လည်းကောင်း၊ ပဋိပက္ခဖြေရှင်းခြင်းနှင့် တားဆီးကာကွယ်ခြင်းတို့နှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတွင် ၎င်းတို့၏အခန်းကဏ္ဍများ မြှင့်မားလာမှုကို အလေးအနက်ပြု၍လည်းကောင်း၊

- ပဋိပက္ခတွင်းနှင့် အပြီးကာလများတွင် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုနှင့် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများမှ မိန်းကလေးနှင့် အမျိုးသမီးများအပေါ် ကာကွယ်ပေးထားသည့် နိုင်ငံတကာဥပဒေများအား အပြည့်အဝအကောင်အထည်ဖော်ဆောင်နိုင်ရေး လိုအပ်ချက်များကို ပြန်လည်အတည်ပြု အာမခံ၍လည်းကောင်း၊

- မိုင်းရှင်းလင်းရေးနှင့် မိုင်းအန္တရာယ်သတိရှိရေးဆိုင်ရာ အစီအစဉ်များတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အထူးလိုအပ်ချက်များအား ထည့်သွင်းစဉ်းစားမည့် သက်ဆိုင်သူအုပ်စုအားလုံး၏ တိကျသည့်အာမခံချက်ရရှိရေး လိုအပ်ချက်အား အလေးအနက်ထား ဖော်ပြ၍လည်းကောင်း၊

- ငြိမ်းချမ်းမှုထိန်းသိမ်းရေး လုပ်ငန်းစီမံချက်များတွင် လိင်ခွဲခြားမှုမရှိသည့်အမြင်ဖြင့် ချဉ်းကပ်မှုအား အသားကျစေရေး အတွက် အရေးတကြီးလုပ်ဆောင်ရန်လိုအပ်ချက်ကို အသိ အမှတ်ပြုသည်နှင့်အမျှ ဤအချက်အတွက် 'ဝင်းဟုက် ကြေညာချက်' နှင့် ကွဲပြားသည့် ဖက်မျိုးစုံဖြင့်မြင်သော ငြိမ်းချမ်းမှုထောက်ပံ့ရေး လုပ်ငန်းစီမံချက်များတွင် လိင်ခွဲခြားမှု မရှိသည့်အမြင်ဖြင့် ချဉ်းကပ်မှုအား အသားကျစေရေးဆိုင်ရာ နမီးဘီးယားလုပ်ငန်းဆောင်ရွက်မှုစီမံကိန်း (အက်စ်/ ၂၀၀၀/ ၆၉၃)' တို့အား မှတ်ချက်ပြု၍လည်းကောင်း၊

- ပဋိပက္ခအခြေအနေများတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခြေခံလိုအပ်ချက်များနှင့် လူ့အခွင့်အရေး များအား ကာကွယ်ရေးအတွက် ငြိမ်းချမ်းမှုထိန်းသိမ်းရေး လုပ်ဆောင်သူများအား အထူးလေ့ကျင့်သင်တန်းပေးရေး ဆိုင်ရာ လုံခြုံရေးကောင်စီဥက္ကဌ၏ မတ်လ ၂၀၀၀၊ ၈ ရက်နေ့ နေ့စွဲဖြင့် သတင်းဌာနများသို့ ထုတ်ပြန်သည့် ကြေညာချက် တွင်ပါဝင်သောအဆိုပြုချက်၏ အရေးပါမှုအား အသိအမှတ် ပြု၍လည်းကောင်း၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ အပေါ် လက်နက်ကိုင်ပဋိပက္ခများ၏ ထိခိုက်နစ်နာစေမှု၊ ၎င်း တို့အား ကာကွယ်ရေးအတွက်အာမခံရန် သက်ဆိုင်ရာ အဖွဲ့ အစည်းအလိုက် ထိရောက်သည့်စီမံမှုများနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အပြည့်အဝ ပါဝင်ဆောင်ရွက်မှုတို့က နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့်လုံခြုံမှုတို့အား ထိန်းသိမ်းခြင်းနှင့် မြှင့်တင်ခြင်းတို့အတွက် ကြီးစွာသော အထောက်အပံ့ဖြစ်စေ နိုင်ကြောင်းကို အသိအမှတ်ပြု၍လည်းကောင်း၊

အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် လက်နက် ကိုင်ပဋိပက္ခများကြောင့် ထိခိုက်နစ်နာစေမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များ အင်အားကောင်းစေရေး လိုအပ်ချက်အား မှတ်ချက်ပြု၍၊

၁။ ပဋိပက္ခများအား တားဆီးကာကွယ်ရေး၊ စီမံခန့်ခွဲရေး နှင့် အဖြေရှာရေးတို့အတွက် နိုင်ငံချင်းစီအလိုက်၊ ဒေသဆိုင်ရာ နှင့် အပြည်ပြည်ဆိုင်ရာမှ အဖွဲ့အစည်းအသီးသီးနှင့် အခြား အကောင်အထည်ဖော်ဆောင်မှုက္ကအသီးသီးတို့ ဆုံးဖြတ်ချက် ချမှတ်သည့်အဆင့်တိုင်း၏ အမျိုးသမီးကိုယ်စားပြုပါဝင်မှုအား တိုးမြှင့်ရေးအတွက် ခိုင်မာသည့်အာမခံချက်ပြုရန် အဖွဲ့ဝင်နိုင်ငံ

များအားတိုက်တွန်းသည်။

၂။ ပဋိပက္ခဖြေရှင်းရေးနှင့် ငြိမ်းချမ်းမှုထိန်းသိမ်းရေး လုပ်ငန်းစဉ်များတွင် ဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်တိုင်း၏အမျိုးသမီးများ၏ပါဝင်မှု မြင့်တင်ရေးဆိုင်ရာ တောင်းဆိုချက်ပါဝင်သည့် အထွေထွေအတွင်းရေးမှူးချုပ်၏ လုပ်ငန်းဆောင်ရွက်မှုစီမံချက် (အေ/၄၉/၅၈၇) အား အရှိန်မြှင့်လုပ်ဆောင်ရန်င်းအား အားပေးထောက်ခံသည်၊

၃။ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်များ၊ အထူးသံတမန်များအဖြစ် ၎င်း၏ကိုယ်စား တာဝန်များထမ်းဆောင်သည့်နေရာများတွင် အမျိုးသမီးများအား ပိုမိုခန့်ထားရန် အထွေထွေအတွင်းရေးမှူးချုပ်အား တိုက်တွန်းသည်။ ထို့အပြင် အဖွဲ့ဝင်နိုင်ငံများအားလည်း နိုင်ငံအလိုက် အလှည့်ကျစနစ်ဖြင့် အထွေထွေအတွင်းရေးမှူးချုပ်ထံသို့ ကိုယ်စားလှယ်များအားစေလွှတ်ရန်တောင်းဆိုသည်။ ထို့အပြင်လည်း-

၄။ ကုလသမဂ္ဂ၏ ရှေ့တန်းအခြေစိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ အထူးသဖြင့် စစ်ဘက်ဆိုင်ရာ လေ့လာသူများ၊ အရပ်ဘက်ရဲဝန်ထမ်းများ၊ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်းများ၏ အကူအညီပေးနေသူများ၏နေရာတွင် အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍအား တိုးချဲ့မြှင့်တင်နိုင်ရေး နည်းလမ်းရှာဖွေရန် အထွေထွေအတွင်းရေးမှူးချုပ်အားထပ်မံ၍တိုက်တွန်းသည်။

၅။ ငြိမ်းချမ်းမှုထိန်းသိမ်းရေး လုပ်ငန်းစီမံချက်များတွင် လိင်ခွဲခြားမှုမရှိသော အမြင်ဖြင့်ချဉ်းကပ်ခြင်းအား အားဖြည့်သည့် လုံခြုံရေးကောင်စီ၏ စိတ်အားထက်သန်မှုအား ဖော်ပြသည့်အပြင် သင့်လျော်သည့်မည်သည့်ရှေ့တန်းလုပ်ငန်းစီမံချက်တွင်မဆို လိင်ကွဲပြားမှုအပေါ် ခွဲခြားမှုမရှိဘဲ ပါဝင်နိုင်ရေးကို အာမခံချက်ပေးရန် အထွေထွေအတွင်းရေးမှူးချုပ်အား တိုက်တွန်းသည်။

၆။ အမျိုးသမီးများ၏ အထူးသဖြင့် လိုအပ်ချက်များနှင့် ကာကွယ်ရေး၊ အခွင့်အရေးများတို့နှင့် စပ်လျဉ်းသည့် သင်တန်းလမ်းညွှန်များနှင့် အထောက်အကူပြုပစ္စည်းများ အပါအဝင် ငြိမ်းချမ်းမှုထိန်းသိမ်းခြင်းနှင့် တည်ဆောက်ခြင်းဆိုင်ရာ ဆောင်ရွက်မှုတိုင်းတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု၏ အရေးပါမှုနှင့်ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများအား အထောက်

အပံ့ပြုရန် အထွေထွေအတွင်းရေးမှူးချုပ်အား ပန်ကြားတောင်းဆိုသည်။ အထက်ပါကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရန်အပြင် စစ်ဘက်နှင့် အရပ်ဘက်ဝန်ထမ်းများအားအမျိုးသားလုပ်ငန်းစီမံချက်များအတွက် လေ့ကျင့်သင်ကြားပေးသည့်အစီအစဉ်များ၏ အိပ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ် အန္တရာယ်သတိပြုရေးဆိုင်ရာ လေ့ကျင့်သင်ကြားသည့် အစီအစဉ်အားထည့်သွင်းရန် အဖွဲ့ဝင်နိုင်ငံများအား ဖိတ်ခေါ်သည်။

ငြိမ်းချမ်းမှုထိန်းသိမ်းရေး လုပ်ငန်းစီမံချက်များတွင် ပါဝင်ဆောင်ရွက်နေသည့် အရပ်ဘက်ဝန်ထမ်းများအနေနှင့် အလားတူသင်တန်းများရရှိစေရေးအာမခံချက်ပေးရန် အထွေထွေအတွင်းရေးမှူးချုပ်အား ထပ်မံ၍ပန်ကြားတောင်းဆိုသည်။

၇။ ကုလသမဂ္ဂ အမျိုးသမီးများရံပုံငွေ၊ ကုလသမဂ္ဂ ကလေးများရံပုံငွေ၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့် အခြားသက်ဆိုင်ရာ ရံပုံငွေထောက်ပံ့သည့် အဖွဲ့အစည်းများ၊ စီမံကိန်းများသို့ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့၏ဆန္ဒဖြင့် ဘဏ္ဍာရေး၊ နည်းပညာနှင့်အခြားအထွေထွေထောက်ပံ့မှုများအား လိင်ခွဲခြားမှုမရှိသည့် ပညာပေးဆိုင်ရာသင်တန်းအကျိုးဖြစ်ထွန်းရေးနှင့် အခြားအစီအစဉ်များအတွက်ဘဏ္ဍာငွေတိုးမြှင့်ထည့်ဝင်ရန် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းသည်။

ငြိမ်းချမ်းရေးသဘောတူညီချက်များအား ညှိနှိုင်းခြင်းနှင့် အကောင်အထည်ဖော်ခြင်း ဆိုင်ရာကိစ္စများတွင် လိင်ခွဲခြားမှုကင်းဝေးရေးရှုထောင့်ဖြင့် အထူးအကျုံးဝင်သည်မှာ (က) ပြန်လည်ပို့ဆောင်ခြင်း၊ ပြန်လည်နေရာချထားခြင်း၊ ပြန်လည်ပြုစုပျိုးထောင်ခြင်း၊ ပြန်လည်မြှင့်တင်ခြင်းနှင့် ပဋိပက္ခလွန်ကာလဖြစ်သည့် ပြန်လည်တည်ဆောက်ခြင်းကာလများတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အထူးလိုအပ်ချက်များအား အသိအမှတ်ပြုရန်၊ (ခ) ဒေသခံ အမျိုးသမီးများ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာ အစီအစဉ်များ၊ ပဋိပက္ခဖြေရှင်းရေးဆိုင်ရာ မိမိတို့ဒေသအလိုက် လုပ်ငန်းစဉ်များနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသမီးများ ပါဝင် ဆောင်ရွက်ရေးဆိုင်ရာတို့ကို အထောက်အပံ့ပြုသည့်လုပ်ငန်းစဉ်အဆင့်များဖော်ဆောင်ရန်၊ (ဂ) အမျိုးသမီးများနှင့် မိန်းကလေး

ငယ်များ၏ အခွင့်အရေးများအားလေးစားလိုက်နာရေးနှင့် လိင်ခွဲခြားမှုမရှိသည့်အမြင်အား အခြေခံဥပဒေရေးဆွဲရေး၊ ရွေးကောက်တင်မြှောက်ခြင်း၊ ရဲတပ်ဖွဲ့နှင့် တရားစီရင်ရေး ဆိုင်ရာ ကိစ္စရပ်များတွင် ဆက်စပ်ပတ်သက်လာသည့်အခါ ထည့်သွင်းစဉ်းစား အလေးထား၍ကာကွယ်မှုပေးရန် ပါဝင် ဆောင်ရွက်နေသူများအား တောင်းဆိုသည်။

၉။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား အရပ် သားများအဖြစ် အကာအကွယ်ပေးရေးနှင့် အခွင့်အရေးများ ဆိုင်ရာ ဆက်စပ်ပတ်သက်သည့် နိုင်ငံတကာဥပဒေများ၊ အထူး သဖြင့် ၁၉၄၉ ခုနှစ်၊ ဂျနီဗာသဘောတူစာချုပ်နှင့် ၎င်းအား ထပ်မံဖြည့်စွက်သည့် ၁၉၇၇ ခုနှစ်၊ ထပ်ဖြည့်သဘောတူညီ ချက်များတွင်လည်းကောင်း၊ ၁၉၅၁ ခုနှစ်၊ ဒုက္ခသည်များ ဆိုင်ရာသဘောတူစာချုပ်နှင့် ၎င်းအား ထပ်မံဖြည့်စွက်သည့် ၁၉၆၇ ခုနှစ်၊ ထပ်ဖြည့်သဘောတူညီချက်များတွင် လည်းကောင်း၊ ၁၉၇၉ ခုနှစ် အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားထားမှုအားလုံးဖျက်သိမ်းရေးဆိုင်ရာသဘောတူစာချုပ် နှင့် ၎င်းအားထပ်မံဖြည့်စွက်သည့် ၁၉၉၉ ခုနှစ်၊ ထပ်ဖြည့် သဘောတူညီချက်များအရ ၃၁ ရက်၊ အောက်တိုဘာလ ၂၀၀၀ ခုနှစ်တွင် ထုတ်ပြန်သည့် လုံခြုံရေးကောင်စီညီလာခံ အမှတ် ၅ သတင်းထုတ်ပြန်ချက် - အက်စ်စီ/၆၉၄၂၊ ၄၂၁၃ ကြိမ်မြောက် အစည်းအဝေး (ပီအမ်မ်) - တွင်လည်းကောင်း၊ ၁၉၈၉ ခုနှစ်၊ ကုလသမဂ္ဂ ကလေးသူငယ်များအခွင့်အရေး ဆိုင်ရာသဘောတူညီစာချုပ်နှင့် ၎င်းအားထပ်မံဖြည့်စွက်သည့် ၂၅ မေ ၂၀၀၀ ခုနှစ်၊ ထပ်ဖြည့်သဘောတူညီချက်နှစ်ရပ် တို့တွင်လည်းကောင်း ဖော်ပြထားသည့် လိုက်နာရမည့် တာဝန် များနှင့်ပတ်သက်၍ လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်ပတ်သက် နေသည့်အုပ်စုများအားလုံးမှ အပြည့်အဝ လေးစားလိုက်နာ ဆောင်ရွက်ရန်နှင့် နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး၏ ရောမ ဆုံးဖြတ်ချက်များမှ လိုက်နာရန်လိုအပ်သည်များအား အထူး သတိပြုရန် တိုက်တွန်းတောင်းဆိုသည်။

၁၀။ လိင်အခြေခံပြု အကြမ်းဖက်မှုများမှအမျိုးသမီးများ နှင့် မိန်းကလေးငယ်များအပေါ် ကျူးလွန်မှုများကို ကာကွယ်ရန်၊ (အထူးသဖြင့် မုဒိမ်းပြုကျင့်မှု၊ လိင်အခြေပြုအကြမ်းဖက် နှောင့်ယှက်စော်ကားမှုများမှ ကာကွယ်ရန်)၊ လက်နက်ကိုင်

ပဋိပက္ခဖြစ်ပွားနေသည့် အခြေအနေတွင်ရှိသည့် အခြားသော အကြမ်းဖက်မှုပုံသဏ္ဌာန်များအားလုံးမှ အကာအကွယ်ပေးရန် အထူးဆောင်ရွက်မှုများ ပြုလုပ်ရေးအတွက် လက်နက်ကိုင် ပဋိပက္ခတွင် ပါဝင်လျက်ရှိကြသော အုပ်စုများအားလုံးအား တိုက်တွန်းတောင်းဆိုသည်။

၁၁။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား လိင်အခြေပြုအဓမ္မပြုကျင့်မှုအပါအဝင် စစ်ပွဲအတွင်း ပြစ်မှုကျူးလွန်မှုများ၊ လူမဆန်ကျူးလွန်သည့်ပြစ်မှုများ၊ လူမျိုးတုံးအစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းများအတွက် တာဝန်ရှိသူများအား တရားစီရင်ရန်၊ ပြစ်မှုတစုံတရာကျူးလွန်ပါလျက် ပြစ်ဒဏ်ကင်းလွတ်ခြင်းများ အဆုံးသတ်ရန်နှင့် အထူးအလေးထားပြောလိုသည်မှာ ထိုသို့ကျူးလွန်သူများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းများမှ ဖြစ်နိုင်သရွေ့ ရှောင်ရှားရန်တို့အတွက် အစိုးရများ၏ တာဝန်ရှိမှုအား အလေးအနက်ပြုဖော်ပြသည်။

၁၂။ ဒုက္ခသည်စခန်းများနှင့် ပြောင်းရွှေ့အခြေစိုက်နေထိုင်သည့်နေရာများတွင်လူမှုယဉ်ကျေးမှုနှင့် လူသားလက္ခဏာများအား လေးစားလိုက်နာရန်၊ အထူးသဖြင့် အဆိုပါနေရာများ၏ ဖွဲ့စည်းတည်ဆောက်ပုံသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏လိုအပ်ချက်များနှင့် လိုက်လျောညီထွေမှုရှိစေရေး အလေးအနက်ထည့်သွင်းစဉ်းစားရန်နှင့် ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင်ချမှတ်ခဲ့သည့် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၂၀၈ (၁၉၉၈) အား ပြန်လည်အမှတ်ရ သတိပြုရန် သက်ဆိုင်သူအုပ်စုများအားလုံးအား တိုက်တွန်းတောင်းဆိုသည်။

၁၃။ လက်နက်ဖြုတ်သိမ်းခြင်း၊ အုပ်စုဖျက်သိမ်းခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်းတို့တွင် လက်နက်ကိုင်တိုက်ခိုက်ခဲ့ဖူးသော အမျိုးသမီး၊ အမျိုးသားများ၏ မတူကွဲပြားသော လိုအပ်ချက်များကိုစဉ်းစားရန်နှင့် ၎င်းတို့အားမှီခိုနေသူများ၏ လိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားရန် စီမံချက်ရေးဆွဲရာတွင် ပါဝင်သူအားလုံးအား အားပေးတိုက်တွန်းသည်။

၁၄။ ကုလသမဂ္ဂပဋိညာဉ်စာတမ်း အခန်း (၄၁) အရ ဆောင်ရွက်ရသည့်အခါတိုင်းတွင် အရပ်သားပြည်သူလူထုအပေါ်ဖြစ်နိုင်ချေရှိသည့် ထိခိုက်နစ်နာစရာများအားထည့်သွင်းစဉ်းစားရမည့်အပြင် လူသားချင်းစာနာထောက်ထားသည့်

အားဖြင့် သင့်လျော်သောကူညီထောက်ပံ့မှုများအား စဉ်းစားသည့်အခါတွင်လည်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အထူးလိုအပ်ချက်များအား အလေးထားထည့်သွင်းစဉ်းစားရန် အသင့်ရှိသည့်အကြောင်း ထပ်မံအတည်ပြုအာမခံသည်။

၁၅။ ပြည်တွင်းနှင့်နိုင်ငံတကာအမျိုးသမီးအဖွဲ့အစည်းများနှင့် တိုင်ပင်ညှိနှိုင်းဆွေးနွေးခြင်းမှတစ်ဆင့် လုံခြုံရေးကောင်စီ၏ ကိုယ်စားလှယ်အဖွဲ့များတွင် ယောကျ်ားမိန်းမဟူသည့် လိင်ခွဲခြားမှုမရှိသည့်အမြင်နှင့် အမျိုးသမီးအခွင့်အရေးများအား ထည့်သွင်းစဉ်းစားခြင်းကိုအာမခံရန် ၎င်း၏ဆန္ဒပြင်းပြမှုအား ဖော်ပြသည်။

၁၆။ လက်နက်ကိုင်ပဋိပက္ခများကြောင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ထိခိုက်မှု၊ ငြိမ်းချမ်းမှုတည်ဆောက်ရေးတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပဋိပက္ခဖြေရှင်းရေးတို့တွင် ပါဝင်ဆောင်ရွက်သည့် မတူကွဲပြားသည့်အမြင်များနှင့် ပတ်သက်၍ လေ့လာမှုတစ်ခုပြုလုပ်ရန် အထွေထွေအတွင်းရေးမှူးချုပ်အား တောင်းဆိုသည်။ ထို့ပြင်ထိုလေ့လာမှု၏ ရလာဒ်များအား လုံခြုံရေးကောင်စီသို့ အစီရင်ခံစာတစ်ခု တင်သွင်းရန်နှင့် ထိုအစီရင်ခံစာအား ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အားလုံးသို့ ဖြန့်ဝေရန် ၎င်းအားထပ်မံတောင်းဆိုသည်။

၁၇။ ငြိမ်းချမ်းရေးထိန်းသိမ်းမှုကိုယ်စားလှယ်အဖွဲ့များမှတဆင့် ယောကျ်ားမိန်းမ ညီတူမျှတူ ပါဝင်ပတ်သက်သည့် တိုးတက်ဖြစ်ပေါ်မှုအခြေအနေနှင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များနှင့် ပတ်သက်ဆက်စပ်သော ကိစ္စရပ်များအားလုံးကို လုံခြုံရေးကောင်စီသို့ တင်သွင်းသည့် အထွေထွေအတွင်းရေးမှူးချုပ်၏အစီရင်ခံစာတွင် သင့်လျော်သလိုထည့်သွင်းရန် ၎င်းအား ပန်ကြားတောင်းဆိုသည်။

၁၈။ ဤအရေးကိစ္စအား တက်ကြွစွာ ကိုင်တွယ်ဆောင်ရွက်မှုကို ဆက်လက်၍ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ ၏ အနှစ်ချုပ်အချက်များ**

လုံခြုံရေးကောင်စီ၏ (၁၈) ချက်ပါဝင်သည့် ယင်းဆုံးဖြတ်ချက်တွင် -

- ဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်တိုင်းတွင် အမျိုးသမီးများကိုယ်စားပြုမှု တိုးမြှင့်ရေး အာမခံရန် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းသည်။

- ပဋိပက္ခဖြေရှင်းရေးနှင့် ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် ဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်တိုင်း၏ အမျိုးသမီးများ၏ ပါဝင်မှုမြှင့်တင်ရေးဆိုင်ရာ တောင်းဆိုချက်ပါဝင်သည့် အထွေထွေအတွင်းရေးမှူးချုပ်၏ မဟာဗျူဟာမြောက်လုပ်ငန်း ဆောင်ရွက်မှုစီမံချက် (အေ/၄၉/၅၈၇) အား အရှိန်မြှင့်လုပ်ဆောင်ရန်အတွက် ၎င်းအား အားပေးထောက်ခံသည်၊

- အထူးကိုယ်စားလှယ်များနှင့် သံတမန်များအဖြစ် အမျိုးသမီးများအား ပိုမိုခန့်ထားရန် အထွေထွေအတွင်းရေးမှူးချုပ်အား တိုက်တွန်းသည်။

- ကုလသမဂ္ဂ၏ ရှေ့တန်းအခြေစိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ အထူးသဖြင့် စစ်ဘက်ဆိုင်ရာ လေ့လာသူများ၊ အရပ်ဘက်ရဲဝန်ထမ်းများ၊ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်းဆောင်ရွက်သူများထဲတွင် အမျိုးသမီးများ၏ပါဝင်မှု အခန်းကဏ္ဍအား တိုးချဲ့မြှင့်တင်နိုင်ရေး နည်းလမ်းရှာဖွေရန် အထွေထွေအတွင်းရေးမှူးချုပ်အား တိုက်တွန်းသည်။

- အမျိုးသမီးများ၏ အထူးလိုအပ်ချက်များနှင့် ကာကွယ်ရေး၊ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် သင်တန်းလမ်းညွှန်များနှင့် အထောက်အကူပြုပစ္စည်းများ အထောက်အပံ့ပြုရန် အထွေထွေအတွင်းရေးမှူးချုပ်အား ပန်ကြားတောင်းဆိုသည်။

- လိင်ခွဲခြားမှုဆန့်ကျင်ရေးအထူးပြု လေ့လာသင်ကြားရေး ကြိုးပမ်းမှုများအတွက် ၎င်းတို့၏ဆန္ဒဖြင့် ပါဝင်သောဘဏ္ဍာရေး၊ နည်းပညာနှင့် အခြားအထွေထွေထောက်ပံ့မှုများအား တိုးမြှင့်ရန် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းသည်။

- အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား အရပ်သားများအဖြစ် အသိအမှတ်ပြု အကာအကွယ်ပေးရေးနှင့် အခွင့်အရေးများဆိုင်ရာ ဆက်စပ်ပတ်သက်သည့် နိုင်ငံတကာဥပဒေ

များအား လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသည့် အုပ်စုများအားလုံးမှ အပြည့်အဝ လေးစားလိုက်နာ ဆောင်ရွက်ရန်တိုက်တွန်းတောင်းဆိုသည်၊

- အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ကျူးလွန်သည့် လိင်ကွဲပြားမှုအပေါ် အခြေခံသည့်အကြမ်းဖက်မှုများမှကာကွယ်ရန်၊ အထူးသဖြင့် မုဒိန်းပြုကျင့်မှုနှင့် လိင်အခြေပြု၍ အခြားသောနည်းများဖြင့် မတော်မတရားပြုကျင့်မှုများမှ အကာအကွယ်ပေးရန် အထူးဆောင်ရွက်မှုများ ပြုလုပ်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်လျက်ရှိကြသော အုပ်စုများအားလုံးအား တိုက်တွန်းတောင်းဆိုသည်။

- အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား လိင်အခြေပြုအဓမ္မပြုကျင့်မှုနှင့် အခြားပုံသဏ္ဍာန်မျိုးစုံဖြင့် အကြမ်းဖက်မှုများတွင် ဆက်စပ်ပတ်သက်သူများ၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းများအတွက် တာဝန်ရှိသူများအား တရားစီရင်ရန်၊ ပြစ်မှုတစုံတရာကျူးလွန်ပါလျက် ပြစ်ဒဏ်ကင်းလွတ်မှုများအဆုံးသတ်ရေးအတွက် အစိုးရများ၏ တာဝန်ရှိမှုအား အလေးအနက်ပြုဖော်ပြသည်။

- ဒုက္ခသည်စခန်းများနှင့် ပြောင်းရွှေ့အခြေစိုက် နေထိုင်ရာနေရာများတွင် ယဉ်ကျေးမှုနှင့် လူမှုလက္ခဏာများအား လေးစားလိုက်နာရန်၊ အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အထူးလိုအပ်ချက်များအား အထူးအလေးထားထည့်သွင်းစဉ်းစားရန် သက်ဆိုင်သူအုပ်စုများအားလုံးအား တိုက်တွန်းတောင်းဆိုသည်။

- လက်နက်ကိုင် ပဋိပက္ခများကြောင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ထိခိုက်မှု၊ ငြိမ်းချမ်းမှုတည်ဆောက်ရေးတွင် အမျိုးသမီးများ၏အခန်းကဏ္ဍ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပဋိပက္ခဖြေရှင်းရေးတို့တွင် ပါဝင်ဆောင်ရွက်သည့် ကွဲပြားသည့်လိင်အချိုးအစား (Gender Dimensions) နှင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှု ကိုယ်စားလှယ်အဖွဲ့များတွင်ပါဝင်သည့် ယောကျာ်းမိန်းမ ပါဝင်မှုအချိုးနှင့် ပတ်သက်သည့် တိုးတက်ဖြစ်ပေါ်မှုတို့အား လေ့လာမှုတစ်ခုပြုလုပ်၍လုံခြုံရေးကောင်စီသို့ အစီရင်ခံစာတစ်ခုတင်သွင်းရန် အထွေထွေအတွင်းရေးမှူးချုပ်အားတောင်းဆိုသည်။

## ငြိမ်းချမ်းရေးအား လက်တွေ့ဖော်ဆောင်ခြင်း

အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၃၂၅ အား ထောက်ခံအားပေးမှုရရှိရန် လုပ်ဆောင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ စဉ်းစားချက်များ၊

ငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးမှုများတွင် အမျိုးသမီးများ ထည့်သွင်းပါဝင်ရေးအား ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ တွင် တိုက်တွန်းဖော်ပြထားသည်။ ငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးမှုများတွင် အမျိုးသမီးများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ရန် ဤဆုံးဖြတ်ချက်က အလေးအနက်ပြုတောင်းဆိုသည်။ ပဋိပက္ခတားဆီးကာကွယ်ခြင်း၊ ငြိမ်းချမ်းရေးထိန်းသိမ်းခြင်း၊ ငြိမ်းချမ်းရေးပြုလုပ်ခြင်းနှင့် ပဋိပက္ခလွန်ကာလ ပြန်လည်တည်ဆောက်ခြင်းများ၏ လုပ်ဆောင်မှုအသွင်သဏ္ဍာန်အမျိုးမျိုးတို့တွင် လိင်ခွဲခြားမှုမရှိသည့်အမြင်ဖြင့်ချဉ်းကပ်ခြင်းများအား အာမခံရန်လည်း အဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်သူ အားလုံးတို့အား ဤဆုံးဖြတ်ချက်က အလေးအနက်ပြုတောင်းဆိုသည်။

ကျွန်ုပ်တို့အားလုံးသည် ဆုံးဖြတ်ချက်အမှတ် (၁၃၂၅) အား အားပေးထောက်ခံမှုရရှိရန် လုပ်ဆောင်သူများဖြစ်ပြီး စကားလုံးဖော်ပြချက်မှတစ်ဆင့်လက်တွေ့လုပ်ဆောင်မှု ဖြစ်လာစေရန်အာမခံရမည်ဖြစ်သည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရများ၊ ကုလသမဂ္ဂ၊ ကမ္ဘာ့ပြည်သူလူထုနှင့် အခြားသူအားလုံးတို့နှင့် နောက်ဆက်တွဲ ဆက်လက်လုပ်ဆောင်ရန်တို့အတွက် စဉ်းစားချက်များကို အောက်တွင် ဖော်ပြလိုက်သည်။ ၎င်းတို့မှာ ကနဦးစဉ်းစားချက်များသာဖြစ်ပြီး မိမိတို့၏ အမြင်ဖြင့် ထပ်မံထည့်သွင်းဖြည့်စွက်ရန်ဖြစ်သည်။

### ပညာပေးခြင်းနှင့် သတင်းပေးခြင်း

- အမျိုးသမီးများအား ပဋိပက္ခတားဆီးကာကွယ်ခြင်းနှင့် ဖြေရှင်းခြင်းဆိုင်ရာ (သို့) ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ နှင့်ပတ်သတ်သည်များကို သင်ယူစေခြင်း၊
- လုံခြုံရေးဆိုင်ရာ အကြောင်းအရာကိစ္စရပ်များနှင့် ထောက်ခံအားပေးသည့်ကိရိယာတစ်ခုအဖြစ် ဆုံးဖြတ်ချက်

အမှတ် ၁၃၂၅ အား ၎င်းတို့ မည်သို့အသုံးပြုနိုင်ကြောင်း မတူကွဲပြားသည့်အမျိုးသမီးအစုအဖွဲ့များကြားဆွေးနွေးပြောဆိုရန် စီစဉ်ခြင်း၊

- စစ်ပွဲကာလအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုအတွက် တရားမျှတမှုနှင့် တာဝန်ယူမှုအား အာမခံရေး၊ အထူးသဖြင့် ပဋိပက္ခဖြေရှင်းရေး စေ့စပ်ဆွေးနွေးမှုများနှင့် ပဋိပက္ခလွန်ကာလပြန်လည်တည်ဆောက်ရေး ကြိုးပမ်းအားထုတ်မှုများအတွက် ကွဲပြားသည့် အခွင့်အလမ်းအမျိုးမျိုးတို့အား သတိပြုမိစေမှု မြှင့်တင်ခြင်း၊

- မိမိ၏ဒေသတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လူ့အခွင့်အရေးများအား ကာကွယ်ခြင်းနှင့် လေးစားလိုက်နာခြင်းအား အမြဲမပြတ် စောင့်ကြည့်လေ့လာခြင်း၊

## (သတိရှိစေရေးနှင့် စီမံချက်ချလုပ်ဆောင်ခြင်းများကို ဖော်ဆောင်ခြင်း)

ငြိမ်းချမ်းမှုတည်ဆောက်ရေးတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် အတွေ့အကြုံများကို သတင်းဌာနများတွင် ထည့်သွင်းဖော်ပြသည့် လုပ်ဆောင်ရေးနည်းလမ်းများ ဖော်ဆောင်ခြင်း၊

- သတင်းထုတ်ပြန်ချက်များ
- စာနယ်ဇင်းဆိုင်ရာဆောင်ရွက်မှုများ
- လုပ်ငန်းဆောင်ရွက်မှုလမ်းညွှန်များ
- နံရံကပ်ကားချပ် (ပိုစတာ) များနှင့် အမှတ်တရကဒ်ပြားများ
- ရုပ်ပုံ၊ ကာတွန်းပုံများ သင့်လျော်သလိုပါဝင်သည့် လက်ကမ်းစာရွက်များအပါအဝင် စာရွက်စာတမ်းများ
- ပညာရည်နိမ့်ပါးသည့်သူများအတွက် သင့်လျော်သည့် ရုပ်ပုံများနှင့် အသံများပါဝင်သည့် ဓာတ်ပြားချပ်များ
- ပဋိပက္ခဆိုင်ရာရေးသားဖော်ပြချက်များတွင် မတူကွဲပြားသည့်လိင်အခြေခံအမြင်၊ သဘောထား၊ ရပ်တည်ချက်များ ထည့်သွင်းဖော်ပြရန် စာနယ်ဇင်းများသို့ စာများရေးသားပေးပို့ပါ။
- ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများတွင် အမျိုးသမီးများပါဝင်နိုင်ရေးအတွက် လမ်းစဉ်မူဝါဒချမှတ်ရေးဆွဲသည့်

အစုအဖွဲ့များ မိမိဒေသတွင် ဖွဲ့စည်းခြင်း၊

- ပဋိပက္ခဖြစ်ပွားရာဒေသများတွင် အမျိုးသမီးများ၏ ငြိမ်းချမ်းရေးကြိုးပမ်းအားထုတ်မှုများအတွက် ရံပုံငွေထောက်ပံ့ခြင်း၊

## ထိရောက်သောမူဝါဒများ

- အထွေထွေအတွင်းရေးမှူးချုပ်၏ လက်အောက်ရှိ ငြိမ်းချမ်းရေးထိန်းသိမ်းမှုစီမံကိန်းများဌာန အကြီးအကဲ ယွန်း-မေရီ ဂူးဟန်နို (Jean-Marie Guehenno) ထံသို့ ပန်ကြားတောင်းဆိုချက်များ အောက်ပါလိပ်စာအတိုင်း ပေးပို့ပါ။

Jean-Marie Guehenno

Room S-3727B, United Nations, New York, NY 10017

- ကုလသမဂ္ဂရှိ ဆုံးဖြတ်ချက်ချမှတ်သူများအား ဆက်သွယ်ပါ၊

(ကြည့် - http://www.peacewomen.org/un/basics/map.html)

- နိုင်ငံကိုယ်စားပြု ကုလသမဂ္ဂကိုယ်စားလှယ်အား ဆက်သွယ်ပါ။

(ကြည့် http://www.peacewomen.org/contacts/conindex.html)

- ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးစီမံကိန်းများသို့ တပ်များပေးပို့စေလွှတ်ခြင်းနှင့်သက်ဆိုင်သည့် မိမိအစိုးရသို့ ဆက်သွယ်ပါ။

- ဒုက္ခသည်စခန်းနေရာများတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတွင်တွေ့ဆုံပြီး အမျိုးသမီး ဒုက္ခသည်များအား ကာကွယ်ခြင်းဆိုင်ရာမဟာမင်းကြီး၏ လမ်းညွှန်ချက်များ အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးပါ။

- ဒုက္ခသည်ကလေးသူငယ်များအား စောင့်ရှောက်ခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာတို့အတွက် မိမိနိုင်ငံရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး ဝန်ထမ်းများနှင့်အတူ လမ်းညွှန်ချက်များ ရေးဆွဲချမှတ်ပါ။

- အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ

ထိရောက်သည့် ဥပဒေများပြဋ္ဌာန်းရန် မိမိနိုင်ငံလွှတ်တော်တွင် လှုံ့ဆော်စည်းရုံးခြင်း၊ ပန်ကြားတိုက်တွန်းခြင်းများပြုလုပ်ပါ။

- ကျားမမခွဲခြားဘဲ အမြင်ရှိရေးဆိုင်ရာသင်တန်းများအတွက် မိမိဒေသ၊ ယဉ်ကျေးမှုနှင့် သင့်လျော်ကိုက်ညီသည့် အထောက်အကူပစ္စည်းများ ထုတ်လုပ်ပါ။

- ဆုံးဖြတ်ချက်အမှတ် (၁၃၂၅) အား သက်ဆိုင်သည့် မူဝါဒချမှတ်ရေးဆွဲသူများ၊ ဆုံးဖြတ်ချက်ချမှတ်သူများထံသို့ ဖြန့်ဝေပါ။

- ဆုံးဖြတ်ချက်အမှတ် (၁၃၂၅) အား မိမိဘာသာစကားသို့ ပြန်ဆိုပြီး info.peacewomen.org သို့ ပေးပို့ပါ။

- နိုင်ငံတကာဥပဒေများအား ချိုးဖောက်မှု၊ အမျိုးသမီးနှင့်မိန်းကလေးငယ်များ၏ အခွင့်အရေးများအား ချိုးဖောက်မှုတို့နှင့်ပတ်သက်သည့် အထောက်အထားများ စုဆောင်းခြင်း၊ ဆန့်ကျင်ကန့်ကွက်ခြင်းများပြုလုပ်ပါ။

- info.peacewomen.org သို့ သတင်းအချက်အလက်များပေးပို့ခြင်းဖြင့် အမျိုးသမီးများ၏ ကြိုးပမ်းဆောင်ရွက်မှုများအား ပိုမိုသိသာထင်ရှားစေရန်ပြုလုပ်ပါ။

## ဆက်သွယ်လုပ်ရှားဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက် မျှဝေဖလှယ်ခြင်း

- အခြားအမျိုးသမီး အဖွဲ့အစည်းများနှင့်ဆက်သွယ်လှုပ်ရှားဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ပါ။ (ကြည့်- http://www.peacewomen.org/contacts/conindex.html

- အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အချက်အလက်များ စုဆောင်းဖြန့်ဝေပါ။

- အမျိုးသမီးရေးရာကော်မရှင်တွင်လည်းကောင်း၊ အမျိုးသမီးအစုအဖွဲ့များနှင့်လည်းကောင်း၊ မူဝါဒရေးရာမိတ်ဖက်များနှင့်လည်းကောင်း မိမိတို့၏ အတွေ့အကြုံများကို မျှဝေဖလှယ်ပါ။

- မိမိ၏ စိတ်ကူးစဉ်းစားချက်များကို ဤနေရာတွင် ဖြည့်သွင်းပြီး info.peacewomen.org သို့ ပေးပို့ပါ။

၄၆ ကြိမ်မြောက် အမျိုးသမီးရေးရာကော်မရှင်ညီလာခံအတွင်းပြုလုပ်သည့် အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာဆွေးနွေးပွဲများမှ အစိုးရမဟုတ်သော အလုပ်အဖွဲ့များ၏

စီစဉ်ထုတ်ဝေမှုဖြစ်သည်။

ကျမ်းကိုး - *http://www.peacewomen.org/un/sc/1325.html*

ဘာသာပြန်သူ - ကျော်ကျော်သိန်း ABSFU
ဒီဇိုင်း၊ စာစီ - မွန်းနေလီ KWAT
တည်းဖြတ်သူ - အေးအေးခိုင် BWU

## ဒေသခံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေငြာစာတမ်းနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထားမှုပပျောက်ရေး သဘောတူစာချုပ်တို့တွင်ဖော်ပြပါရှိသော ဒေသခံတိုင်းရင်းသူများ၏အခွင့်အရေး



ကုလသမဂ္ဂမှ အသိအမှတ်ပြုထားသည့် ဌာနေ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်းနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထားမှု ပပျောက်ရေးသဘောတူစာချုပ်တို့တွင် ဌာနေတိုင်းရင်းသူတို့နှင့် စပ်ဆိုင်သော အခွင့်အရေးများပါရှိနေပါသည်။ ထိုကဲ့သို့သော နိုင်ငံတကာအသိအမှတ်ပြု ကြေညာစာတမ်းနှင့် သဘောတူစာချုပ်တို့မှ မိမိတို့နှင့် စပ်ဆိုင်သည့် ကဏ္ဍကို လေ့လာသိရှိနိုင်ရန်အတွက် ဖော်ပြအပ်ပါသည်။

## အမျိုးသားများ၊ အမျိုးသမီးများနှင့် လူသားအားလုံး သာတူညီမျှဖြစ်ရေး

ဒေသခံတိုင်းရင်းသားလူမျိုးများသည် အခြားလူပုဂ္ဂိုလ်များနည်းတူလွတ်လပ်ပြီး တန်းတူဖြစ်သည်။ ဒေသခံတိုင်းရင်းသူများသည် အခြားအမျိုးသားများ၊ အမျိုးသမီးများကဲ့သို့ပင် လွတ်လပ်ပြီးတန်းတူပင်ဖြစ်သည်။ ဒေသခံတိုင်းရင်းသားတို့၏ မူလဇစ်မြစ် (သို့) ကိုယ်ပိုင်ဖြစ်တည်မှုအပေါ်အခြေခံသော ကိုယ်ပိုင်အခွင့်အရေးများကို လက်တွေ့ဖော်ဆောင်ကျင့်သုံးရာတွင် မည်သည့်နည်းဖြင့်မဆို ခွဲခြားဆက်ဆံရခြင်းနှင့် အကြမ်းဖက်ခံရခြင်းအမျိုးမျိုးတို့မှ လွတ်ကင်းခွင့်ရှိသည်။ (CNDRIP အပိုဒ်၂၊ ၂၂) အမျိုးသမီးများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် အမျိုးသားများနှင့် တန်းတူအခွင့်အရေး၊ အခြေခံလွတ်လပ်ခွင့်များခံစားရစေရန်၊ နိုင်ငံတော်မှ ခွဲခြားဆက်ဆံမှုကို ချုပ်ငြိမ်းစေသော ဥပဒေများ ချမှတ်ကာ ထိုဥပဒေများကို လေးစားလိုက်နာရမည်။ CEDAW အပိုဒ် ၁၊၂၊၃၊၁၅)

## ဆုံးဖြတ်ချက်ချရာတွင်ပါဝင်ခြင်း

ဒေသခံတိုင်းရင်းသူများသည် ၎င်းတို့၏အခွင့်အရေးများအပေါ်အကျိုးသက်ရောက်စေမည့် ကိစ္စရပ်များတွင် အတူပါဝင်ဆုံးဖြတ်ခွင့်ရှိသည်။ (UNDRIP အပိုဒ် ၁၈) နိုင်ငံ့အရေးရာ၊ ပြည်သူရေးရာကိစ္စများတွင် မိမိတို့နေထိုင်ရာ ရပ်ရွာဒေသ၊ တိုင်းပြည်ကို ကိုယ်စားပြုပါဝင်နိုင်ရေးအတွက် အမျိုးသားနှင့် အမျိုးသမီး အခွင့်အရေးသာတူညီမျှရှိစေရန်၊ နိုင်ငံတော်မှ သင့်လျော်သည့် လုပ်ဆောင်ချက်များလုပ်ဆောင်ရမည်။ (CEDAW အပိုဒ် ၇၊ ၈)

## နိုင်ငံသားဖြစ်ခြင်းနှင့်ကိုယ်ပိုင်ဖြစ်တည်မှုအခွင့်အရေး

မိမိနေထိုင်ရာရပ်ရွာဒေသသို့ သက်ဆိုင်သည့် နိုင်ငံနှင့် စပ်လျဉ်း၍ဒေသခံတိုင်းရင်းသူတစ်ဦးချင်းစီတွင် ၎င်းတို့၏ ယဉ်ကျေးမှုရိုးရာဓလေ့နှင့် အညီနိုင်ငံသားဖြစ်ခွင့်ရှိသည်။ (UNDRIP အပိုဒ် ၆၊ ၉) အမျိုးသမီးများ နိုင်ငံသားအဖြစ် ခံယူခွင့်၊ ပြောင်းလဲခွင့် (သို့) ဆက်လက်ထိန်းသိမ်းခွင့်ကို အမျိုးသားများနှင့်တန်းတူ နိုင်ငံတော်မှ အခွင့်အရေးပေးရမည်။

လက်ထပ်ထိမ်းမြားခြင်းကြောင့် အမျိုးသမီးများသည် အခြားနိုင်ငံသားအဖြစ် ပြောင်းလဲရခြင်း၊ နိုင်ငံမဲ့ဖြစ်သွားရခြင်း၊ အဓမ္မဖိအားပေးခြင်းမရှိစေရန် (CEDAW အပိုဒ် ၉)

**အကြမ်းဖက်မှုကင်းဝေးသည့် လုံခြုံသောဘဝများ**

ဒေသခံတိုင်းရင်းသူများတွင် အသက်ရှင်သန်ခွင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ လူ့ဂုဏ်သိက္ခာ၊ လွတ်လပ်ခွင့်နှင့် လုံခြုံစိတ်ချမှုအခွင့်အရေးများရှိသည်။ (UNDRIP အပိုဒ် ၇) အမျိုးသမီးများအား ပြည့်တန်ဆာအဖြစ် ခေါင်းပုံဖြတ်ခြင်းနှင့် လူကုန်ကူးမှုပုံစံအမျိုးမျိုးတို့အားရပ်တန့်စေရန် နိုင်ငံတော်မှ ဥပဒေပြဌာန်းမှုအပါအဝင် သင့်လျော်သည့် တာဝန်ယူဆောင်ရွက်မှုများ လုပ်ဆောင်ရမည်။ (CEDAW အပိုဒ် ၆)

**မိမိကိုယ်ပိုင်ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့အတွင်း၌ ပညာရေးဆိုင်ရာအခွင့်အလမ်း**

နိုင်ငံတော်၏ပညာရေးကဏ္ဍအဆင့်တိုင်းတွင် ဒေသခံတိုင်းရင်းသူများသည် ခွဲခြားဆက်ဆံမှုမရှိဘဲ မိမိတို့၏ ကိုယ်ပိုင်ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းရှိသည့်အတိုင်း ပညာသင်ခွင့်ရှိသည်။ ဒေသခံတိုင်းရင်းသူများသည် မိမိတို့၏ သမိုင်းအစဉ်အလာ၊ ဘာသာစကား၊ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ဒဿနအတွေးအခေါ်နှင့် စာပေယဉ်ကျေးမှုတို့ကို သားစဉ်မြေးဆက်လက်ဆင့်ကမ်းခွင့်ရှိသည်။ (UNDRIP အပိုဒ် ၁၃၊ ၁၄) မြို့ပြ (သို့) ကျေးလက်မည်သည့်နေရာ၌နေထိုင်သည်ဖြစ်စေ ၎င်းတို့၏ မူလမျိုးနွယ်စုနှင့် မသက်ဆိုင်ဘဲ အမျိုးသမီးများသည် အမျိုးသားကဲ့သို့ပင် ပညာရေးဆိုင်ရာ အခွင့်အရေးရရှိစေရန် နိုင်ငံတော်မှ ဆောင်ရွက်ပေးရမည်။ (CEDAW အပိုဒ် ၁၀)

**အလုပ်အကိုင်၊ ဥစ္စာပစ္စည်းပိုင်ဆိုင်မှုနှင့် ဥပဒေရေးရာတွင် သာတူညီမျှဖြစ်ရေး**

ဒေသခံတိုင်းရင်းသူများသည် လူမှုဖူလုံရေး၊ သာတူညီမျှလုပ်ခရရှိရေးအပါအဝင် အလုပ်အကိုင်အခွင့်အလမ်းနှင့် အကျိုးခံစားမှုများကို အညီအမျှရရှိသင့်သည်။ နိုင်ငံတော်မှ ခွဲခြားဆက်ဆံခြင်းကို ဖယ်ဖျက်ပေးရန်လိုသည်။ သို့မှသာ ဒေသခံတိုင်းရင်းသူများ၏ အခွင့်အရေးကို နိုင်ငံတကာဥပဒေ၊ ပြည်တွင်းဥပဒေများတွင် ပြဌာန်းရာ၌ အကျိုးသက်ရောက်မှုရှိပေမည်။ ဒေသခံတိုင်းရင်းသူများသည် ဥစ္စာပစ္စည်းပိုင်ဆိုင်ခွင့်၊ စာချုပ်

စာတမ်းများတွင် လက်မှတ်ရေးထိုးခွင့်ရှိသည်။ (CEDAW အပိုဒ် ၁၁၊ ၁၅) (UNDRIP အပိုဒ် ၁၇)

## ကျန်းမာရေးဂရုပြုစောင့်ရှောက်မှုအခွင့်အလမ်း

ဒေသခံတိုင်းရင်းသူများသည် လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ ဂရုပြုစောင့်ရှောက်မှုများကို ခွဲခြားဆက်ဆံခြင်းမရှိဘဲ ခံစားပိုင်ခွင့်ရှိသည် ၎င်းတို့အတွက် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများ စံနှုန်းများကို တပြေးညီ သတ်မှတ်ပေးရန်လိုသည်။ တိုင်းရင်းဆေးဝါးများကိုလည်း စိုက်ပျိုးသုံးစွဲခွင့်ရှိသည်။ ဒေသခံတိုင်းရင်းသူများ၏ မိသားစုစီမံကိန်းနှင့် သက်ဆိုင်သော သားဆက်ခြား၊ ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်းကိစ္စများတွင် လုံလောက်သောကျန်းမာရေးဂရုပြုစောင့်ရှောက်မှုနှင့် လုံလောက်သောအဟာရဖြည့်တင်းမှု ရှိရမည်။ ကျန်းမာရေးဂရုပြုစောင့်ရှောက်မှုကဏ္ဍတွင် သာတူညီမျှဖြစ်စေရန် နိုင်ငံတော်မှလိုအပ်သော အဆင့်များကို တာဝန်ယူရမည်။ (CEDAW အပိုဒ် ၁၂) (UNDRIP အပိုဒ် ၂၄)

## စီးပွားရေးနှင့် လူမှုရေးကဏ္ဍသာတူညီမျှဖြစ်ရေး

ဒေသခံတိုင်းရင်းသူအမျိုးသမီးများ၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေများဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်မှ တာဝန်ယူလုပ်ဆောင်ရမည်။ ဒေသခံတိုင်းရင်းသူများသည် ချေးငွေရယူခြင်း၊ လူမှုဖူလုံရေးနှင့် ယဉ်ကျေးမှုနယ်ပယ်တွင် ပူးပေါင်းပါဝင်နိုင်သည့်အခွင့်အရေးရှိရမည်။ မိမိနေထိုင်ရာ ရပ်ရွာဖွံ့ဖြိုးရေးအထူးသဖြင့် အိမ်ရာဆောက်လုပ်ခြင်းနှင့် ပညာရေးကဏ္ဍများတွင် ပါဝင်ဆုံးဖြတ်နိုင်ခွင့်ရှိရမည်။ ဒေသခံတိုင်းရင်းသူများအတွက်သာမက ဒေသခံတိုင်းရင်းသား သက်ကြီးရွယ်အိုများ၊ လူငယ်မောင်မယ်များ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများအတွက် နိုင်ငံတော်မှ ထည့်သွင်းစဉ်းစားပေးရန်လိုသည်။ (CEDAW အပိုဒ် ၁၃၊ ၁၄) (UNDRIP အပိုဒ် ၂၁၊ ၂၂)

ဤအရင်းအမြစ်စာအုပ်သည် သင်တန်းအတွင်း
သင်ထောက်ကူအနေဖြင့်သာအသုံးပြုခြင်းဖြစ်သည်။
အဖွဲ့အစည်းအတွင်းကန့်သတ်ထုတ်ဝေသည်။

# REDD+နှင့် အမျိုးသမီးများ၏ အခွင့်အရေးများ

သစ်တောများပြုန်းတီးခြင်းနှင့် တောအဆင့်အတန်းများ ကျဆင်းခြင်းမှ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချခြင်း **(REDD+)**လုပ်ငန်းစဉ်သည် သစ်တောများအား ထိန်းသိမ်းကာကွယ်ခြင်း၊ ရေရှည်တည်တံ့စေရန် စီမံအုပ်ချုပ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းများဖြင့် ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ကျော်လွှားရန် နိုင်ငံတကာမှ အစပြုဆောင်ရွက်လာသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ **REDD+**သည် ကုလသမဂ္ဂရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း(**UNFCCC**)၏ ညှိနှိုင်းဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာပြီး ကာဗွန်စုပ်ယူသိုလှောင်မှုရှိရေး သစ်တောများအား ထိန်းသိမ်းရန်အတွက် ရန်ပုံငွေရရှိစေမည့် နည်းလမ်းတစ်ရပ်လည်းဖြစ်ပါသည်။ **REDD+**လုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရာတွင် သစ်တောပြုန်းတီးပျက်စီးခြင်းကို တွန်းအားများဖြစ်စေသည့် လက်ရှိပြဋ္ဌာန်းထားသည့် မူဝါဒများနှင့် ဥပဒေများအား ပြန်လည်သုံးသပ်ပြင်ဆင်ခြင်းနှင့် သစ်တောများအား ထိန်းသိမ်းကာကွယ်ပေးသည့် သို့မဟုတ် ပြန်လည်ပြုစုထူထောင်ပေးသည့် သစ်တော ပိုင်ဆိုင်သူများကို တိုက်ရိုက် ငွေပေးချေခြင်းတို့ နှစ်ရပ်စလုံး ပါဝင်ပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(**MONREC**)သည် နိုင်ငံ၏ လက်ရှိအခြေအနေများနှင့်ကိုက်ညီပြီး နိုင်ငံတကာတွင် သဘောတူလက်မှတ်ရေးထိုးထားသည့် ကတိကဝတ်များနှင့်အညီ **REDD+**ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာတစ်ရပ်ကိုရေးဆွဲရန် အစိုးရ၏ အစပျိုးဆောင်ရွက်မှုအနေဖြင့် ဦးဆောင်ပေးလျက်ရှိပါသည်။ အမျိုးသားအဆင့် ကာကွယ်စောင့်ရှောက်ပေးမှုများသည် မိရိုးဖလာ ဓလေ့ထုံးတမ်းအစဉ်အလာအရ မြေယာပိုင်ဆိုင်မှုများအား အသိအမှတ်ပြုပေးခြင်းနှင့် **REDD+**၏ အဆင့်တိုင်းတွင် ဌာနေတိုင်းရင်းသားများနှင့် အမျိုးသမီးများ အဓိပ္ပာယ်ပြည့်ဝသည့် ပူပေါင်းပါဝင်မှုရှိစေရေး အလေးထားဆောင်ရွက်ခြင်းတို့ အပါအဝင် ဤလုပ်ငန်းစဉ်၏

အစိတ်အပိုင်းတစ်ခုအဖြစ် ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

ပဲရစ်သဘောတူညီချက်တွင် "အဖွဲ့ဝင်နိုင်ငံများသည် ရာသီဥတုပြောင်းလဲမှုအား ရင်ဆိုင်ဖြေရှင်းပေးမည့် လုပ်ငန်းများ ဆောင်ရွက်သည့် အခါတိုင်းတွင် ၎င်းတို့၏ သက်ဆိုင်သည့် တာဝန်သိစိတ်များဖြင့် လူ့အခွင့်အရေးများ၊ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများ၊ ဌာနေတိုင်းရင်းသားများ၊ ဒေသခံပြည်သူများ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများ နှင့် ထိခိုက်လွယ်သည့်အခြေအနေတွင် ရှိနေသူများ၏ အခွင့်အရေးများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခွင့်အရေးတို့နှင့်အတူ ကျားမ တန်းတူဖြစ်မှု၊ အမျိုးသမီးများအား လုပ်ပိုင်ခွင့်ပေးမှုနှင့် သားစဉ်မြေးဆက် သာတူညီမျှရှိမှုဖြစ်လာစေရေးအတွက် လေးစားရမည်၊ မြှင့်တင်ပေးရမည်၊ ထည့်သွင်းစဉ်းစားရမည်။"

**REDD+**နှင့် ကာကွယ်စောင့်ရှောက်ပေးမှုများအပေါ် သဘောတူညီချက်များ ဖော်ပြထားသည့် ပဲရစ်သဘောတူညီချက်နှင့် အဖွဲ့ဝင်နိုင်ငံများ၏ (၁၆)ကြိမ်မြောက် ညီလာခံအစည်းအဝေး (**COP16**)တို့သည် **REDD+**အနေဖြင့် ကျားမတန်းတူဖြစ်စေမည့် ဆောင်ရွက်မှု ဖြစ်စေသင့်ကြောင်း၊ အမျိုးသမီးများသည် စွမ်းဆောင်ရည်မြှင့်တင်ပေးမှုဆိုင်ရာတို့တွင် ပါဝင်ခွင့်ရှိသင့်ကြောင်းနှင့် ဒေသခံပြည်သူများ ထိရောက်စွာ အပြည့်အဝပူးပေါင်းပါဝင်မှုတွင်လည်း အမျိုးသမီးများ ပါဝင်ခွင့်ရှိသင့်ကြောင်းတို့ကို အသိအမှတ်ပြုထားပါ သည်။ **CEDAW**နှင့် **UNDRIP**တို့ကို အသိအမှတ်ပြုပေးခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပေးမှုများတွင် ဌာနေတိုင်းရင်းသားများ၏ ၎င်းတို့ မြေယာပိုင်ဆိုင်ခွင့်၊ **FPIC**၊ မူဝါဒပိုင်းဆိုင်ရာ ဖွံ့ဖြိုးစေမှုနှင့် ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲရာတွင် အမျိုးသမီးများ ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်နှင့် ထိမ်းမြားလက်ထပ်ထားသည့် အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးအကြား ပိုင်ဆိုင်မှုများ ညီညွတ်မျှတမှုရှိသည့် အခွင့်အရေးများလည်း ပါဝင်ပါသည်။ **REDD+**အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် **UN-REDD** အစီအစဉ်၏ နည်းပညာပိုင်းဆိုင်ရာလမ်းညွှန်မှုအရ **REDD+**အနေဖြင့် ဆိုးကျိုးများမှ ကာကွယ်စောင့်ရှောက် ပေးရုံမျှမက အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်အာဏာများ မြှင့်တင်ပေးရေးနှင့် အမျိုးသမီးများ၏ ရပိုင်ခွင့်များ အားကောင်းလာစေရေးတို့ကိုပါ တက်ကြွစွာ လုပ်ဆောင်သင့်ကြောင်း အကြံပြုထားပါသည်။

## UNFCCCက ချမှတ်ထားသည့် REDD+ဆိုင်ရာ ကာကွယ်စောင့်ရှောက်ပေးမှုများ

**REDD+**၏ ဖြစ်နိုင်ဖွယ်အန္တရာယ်များကို ရင်ဆိုင်ဖြေရှင်းနိုင်စေရန်အလို့ငှာ ၂၀၁၀ခုနှစ်တွင် ကျင်းပခဲ့သည့် (၁၆) ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံ(**COP16**)၊ ကန်ကွန်း သဘောတူညီချက်တွင် ကာကွယ်စောင့်ရှောက်ပေးမှုဆိုင်ရာ အချက်(၇)ချက်ကို ချမှတ်ခဲ့ပါသည်။ **REDD+**အကောင်အထည်ဖော်ဆောင်ရေးအတွက် ပြင်ဆင်နေသည့် မြန်မာနိုင်ငံသည် **UNFCCC**၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် အားလျော်စွာ အဆိုပါကာကွယ်စောင့်ရှောက်ပေးမှုများကို မြှင့်တင်ဆောင်ရွက်ခြင်းနှင့် အထောက်အကူဖြစ်စေခြင်းများအတွက် တာဝန်ယူဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ မူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် မည်သို့ ကာကွယ်စောင့်ရှောက်ပေးနေကြောင်းနှင့် လက်တွေ့တွင် မည်သို့ လေးစားလိုက်နာကာ အကောင်အထည်ဖော်နေကြောင်းတို့ကို ဆန်းစစ်နိုင်ရေးအတွက် အမျိုးသားအဆင့် ကာကွယ်စောင့်ရှောက်ပေးမှုဆိုင်ရာ သတင်းအချက်အလက်စနစ် **(SIS)**တစ်ခုကို တည်ထောင်ရန် လမ်းညွှန်ထားပါသည်။

ယင်း ကာကွယ်စောင့်ရှောက်ပေးမှုများသည် တရားဝင်တာဝန်ခံမှုမရှိသော လမ်းညွှန်ချက်သာဖြစ်သော်လည်း ငွေကြေးထောက်ပံ့သူများနှင့် ရန်ပုံငွေပံ့ပိုးမှုယန္တရားတို့အနေဖြင့် ကာကွယ်စောင့်ရှောက်ပေးမှုများ ပြည့်ဝစွာ ဆောင်ကြဉ်းပေးမထားသည့်အတွက် **REDD+**လုပ်ငန်းစဉ်အား ပံ့ပိုးကူညီပေးရန် နှောင့်နှေးနေနိုင်ပါသည်။ **REDD+**ဆိုင်ရာ ကာကွယ်စောင့်ရှောက်ပေးမှုများ နိုင်ငံအဆင့်တွင် အောင်မြင်သည့် အစီအစဉ်တစ်ရပ် ဖြစ်ပေါ်လာရေး အထူးသဖြင့် အငြင်းပွားမှုပြဿနာများနှင့် မြေယာနှင့် သစ်တောမြေပိုင်ဆိုင်မှုတို့၌ လုံခြုံစိတ်ချရမှုမရှိသည့် သမိုင်းအထောက်အထားများရှိနေသော မြန်မာနိုင်ငံကဲ့သို့ နိုင်ငံများအတွက် အထူးပင် အရေးကြီးလှပါသည်။ ကာကွယ်စောင့်ရှောက်ပေးမှုအလျဉ်းမရှိပါက**REDD+**အား အကောင်အထည်ဖော်ဆောင်ခြင်းသည် ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်း၊ စိုက်ခင်းများတည်ထောင်ခြင်းကြောင့် သဘာဝတောများပျက်စီးဆုံးရှုံးခြင်း၊ မြေယာဈေးကစားခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ မြေမဲ့ယာမဲ့များ များလာခြင်း၊

စားနပ်ရိက္ခာဖူလုံမှုမရှိခြင်းနှင့် အခြားပြင်းထန်သည့် ဆိုးကျိုးများ ဖြစ်ပေါ်လာစေနိုင်ပါသည်။

နိုင်ငံအသီးသီးတို့သည် REDD+လုပ်ငန်းစဉ်အား အကောင်အထည်ဖော်ဆောင်သည့်အခါ အောက်ဖော်ပြပါ ကာကွယ်စောင့်ရှောက်ပေးမှုများဖြင့် လိုက်နာဆောင်ရွက်သင့်ပါသည်-

**(က) ဆောင်ရွက်မည့်လုပ်ငန်းများသည် နိုင်ငံအဆင့် သစ်တောလုပ်ငန်းအစီအစဉ်များ၊ သက်ဆိုင်ရာနိုင်ငံတကာ၏ ကြေညာချက်များနှင့် သဘောတူညီချက်များ၏ ရည်ရွယ်ချက်များအား အထောက်အကူဖြစ်စေရမည် သို့မဟုတ် ကိုက်ညီရမည်။**

**UNFCCC**က ချမှတ်ထားသည့် **REDD+**ဆိုင်ရာ ကာကွယ်စောင့်ရှောက်ပေးမှုများ**REDD+**လုပ်ငန်းများသည် နိုင်ငံတကာသဘောတူညီချက်များအား လေးစားလိုက်နာရမည်ဖြစ်သည့်အားလျော်စွာ အမျိုးသမီးများ၏အခွင့်အရေးများနှင့် အသင့်လျော်ဆုံး သဘောတူညီချက်များမှာ-

ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကြေငြာချက်စာတမ်း **(UNDRIP)**၊ ၂၀၀၇ ခုနှစ်၊ အမျိုးသမီးများအား ဆန့်ကျင်သည့် ခွဲခြားဆက်ဆံမှုပုံစံအမျိုးမျိုး ပပျောက်ရေးဆိုင်ရာကြေငြာချက်**(CEDAW**၊ ၁၉၇၉ ခုနှစ်၊

လက်မှတ်ရေးထိုးထားသည့် စာချုပ်များသည် အမျိုးသမီးများအား ဆန့်ကျင်သည့် ခွဲခြားဆက်ဆံမှုပုံစံအမျိုးမျိုး ပပျောက်ရေးအတွက် စတင်ဆောင်ရွက်ရန် ကတိကဝတ်များပြုထားပြီး အောက်ပါအချက်များကို အလေးထား ဆောင်ရွက်ရမည်ဖြစ်ပါသည်-

- နိုင်ငံတော်အစိုးရ၏ မူဝါဒများ ရေးဆွဲပြဌာန်းရာတွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသမီးများတွင် တန်းတူအခွင့်အရေးရှိပါသည်(အပိုဒ် ၇)။
- အဆင့်အသီးသီးတွင် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ စီစဉ်ရေးဆွဲရာတွင်လည်းကောင်း၊ ယင်းအား အကောင်အထည်ဖော်ရာတွင်လည်းကောင်း ဆင်းရဲနွမ်းပါးသည့် အမျိုးသမီးများ ပါဝင်နိုင်ပါသည်(အပိုဒ် ၁၄)။
- ဆင်းရဲနွမ်းပါးသည့် အမျိုးသမီးများသည် ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လျက် ယင်းမှရရှိသည့် အကျိုးကျေးဇူးများကို ညီညွတ်မျှတစွာ ရရှိခံစားပြီး သင်

တန်းများနှင့် ပညာသင်ကြားမှုပုံစံအမျိုးမျိုးတို့အား ရရှိစေလျက်သင့်လျော်သည့် နည်းပညာများကို ရရှိသုံးစွဲနိုင်ရမည်(အပိုဒ် ၁၄)။

- ဆင်းရဲနွမ်းပါးသည့် အမျိုးသမီးများတွင် မြေယာနှင့် စိုက်ပျိုးရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအပြင် အခြေချနေထိုင်မှု အစီအမံများတွင်ပါ တန်းတူရည်တူ ဆက်ဆံမှုရှိရမည်(အပိုဒ် ၁၄)။
- ဇနီးသည်နှင့် ခင်ပွန်းနှစ်ယောက်လုံးအတွက် ပိုင်ဆိုင်မှု၊ ရှာဖွေထားသည့် ပစ္စည်းဥစ္စာ၊ စီမံခန့်ခွဲမှု၊ စီမံအုပ်ချုပ်မှု၊ အသုံးပြုမှုနှင့် ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာ စသည့်ပိုင်ဆိုင်မှုနှင့် သက်ဆိုင်သည့် အခွင့်အရေးများ တန်းတူရှိရမည် (အပိုဒ် ၁၆)။

**(ခ) နိုင်ငံအလိုက် တရားဥပဒေစိုးမိုးမှုနှင့် အချုပ်အခြာ အာဏာတို့ကို ထည့်သွင်းစဉ်းစားကာ ပွင့်လင်းမြင်သာမှုရှိပြီး ထိရောက်သည့် နိုင်ငံအဆင့် သစ်တောစီမံအုပ်ချုပ်ရေး ဖွဲ့စည်းထားမှု**

**REDD+**သည် သစ်တောကဏ္ဍနှင့် သစ်တောပြုန်းတီးမှုကိုဖြစ်စေသည့် အခြားကဏ္ဍများအား စီမံခန့်ခွဲရာတွင် ထိရောက်မှု ရှိစေသင့်ပါသည်။ **REDD+**သည် သစ်တောများအား ကာဗွန်ပမာဏနှင့် ညီမျှသည့် ငွေကြေးများဆောင်ကြဉ်းလာခြင်းဖြင့် ပိုမိုတန်ဖိုးရှိစေမည်ဖြစ်သောကြောင့် ၎င်းတွင် အဂတိလိုက်စားမှုများများပြားလာခြင်းနှင့် ကာဗွန်ပိုင်ဆိုင်ခွင့်များကို တောင်းဆိုခွင့်ရရှိလာစေရန် မြေယာသိမ်းဆည်းမှုများ မြင့်တက်လာနိုင်သည့် အန္တရာယ်များကြုံတွေ့နိုင်ပါသည်။ **REDD+**အစီအစဉ်သည် အဆိုပါအန္တရာယ်များကို လျော့နည်းစေရန် စီမံခန့်ခွဲပေးရမည်ဖြစ်ပါသည်။

**(ဂ) ကုလသမဂ္ဂအထွေထွေညီလာခံက ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းအား ထုတ်ပြန်ထားသည်ကိုမှတ်သားလျက် သက်ဆိုင်ရာ နိုင်ငံတကာတာဝန်သိမှုများ၊ နိုင်ငံအဆင့်အခြေအနေများနှင့် ဥပဒေများကို ထည့်သွင်းစဉ်းစား ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ အသိပညာဗဟုသုတနှင့် ရပိုင်ခွင့်များ ကို လေးစားလိုက်နာရန်၊**

၎င်းတို့၏ မြေယာများနှင့် ပိုင်ဆိုင်သည့် နယ်နမိတ်များအတွက် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများနှင့် ၎င်းတို့၏ မြေယာများအပေါ် ထိခိုက်စေနိုင်မည့် စီမံကိန်းများနှင့် ပတ်သက်၍ လွတ်လပ်သော ကြိုတင်အသိပေးတိုင်ပင်ချင်းနှင့် လူထုသဘောထားရယူမှု (**FPIC**)ဆိုင်ရာအခွင့်အရေးများကို အသိအမှတ်ပြုပေးခြင်းတို့ ပါဝင်ပါသည်။

**(ဃ) ဆက်စပ်ပတ်သက်သူများ၊ အထူးသဖြင့် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ အဓိပ္ပာယ်လေးနက်ပြည့်ဝသည့် ပူးပေါင်းပါဝင်မှုရှိစေရန်၊**

**REDD**+လုပ်ငန်းစဉ်၏ အစီအစဉ်ရေးဆွဲခြင်းမှ အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းအထိ အဆင့်တိုင်းတွင် အမျိုးသမီးများပါဝင်စေသင့်ပါသည်။

**(င) သဘာဝသစ်တောများကို ပြောင်းလဲအသုံးပြုခြင်း မဖြစ်စေဘဲ ယင်းအစား သဘာဝသစ်တောများနှင့် ၎င်း၏ ဂေဟစနစ် ဝန်ဆောင်မှုများအား ကာကွယ်ထိန်းသိမ်းလာစေရေး ဆွဲဆောင်အားပေးမှုများသာမက အခြားသော လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာ အကျိုးကျေးဇူးများကို တိုးမြင့်လာစေရေးကို အလေးထားခြင်းဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများသည် သဘာဝသစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းကာကွယ်ခြင်းနှင့် ကိုက်ညီမှုရှိစေရမည်။**

**REDD**+စီမံကိန်းတစ်ခုအောက်မှ အကောင်အထည်ဖော်မည့် စိုက်ခင်းများတည်ထောင်ခြင်းသည် ဥပမာအားဖြင့် သဘာဝသစ်တောများနေရာတွင် ခုတ်လှဲအစားထိုးစိုက်ပျိုးခြင်းနှင့် သစ်တောများတည်ထောင်ခြင်းကို ဇီဝမျိုးစုံမျိုးကွဲများအတွက် အရေးပါသည့် မြက်ခင်းတောတစ်တောတွင် ပြောင်းလဲစိုက်ပျိုးခြင်းတို့ မဖြစ်စေသင့်ပါ။

**(စ) နောက်ပြန်လှည့်သွားမည့် အန္တရာယ်အား ရင်ဆိုင်ဖြေရှင်းနိုင်မည့် ဆောင်ရွက်ချက်များ**

ဆိုလိုသည်မှာ သစ်တောများကို **REDD**+ဆိုင်ရာငွေ

ပေးချေမှုများ ပြုလုပ်ပြီးနောက် ခုတ်လှဲခြင်းအစား ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်မှုရှိရေး လိုအပ်ချက်ရှိနေခြင်းဖြစ်ပါသည်။ ဤ ကာကွယ်စောင့်ရှောက်ပေးမှုများအတွက် မြေယာပိုင်ဆိုင်မှု ရှင်းလင်းပြတ်သားမှုရှိရေး အစီအမံများ အထူးသဖြင့် ဒေသခံပြည်သူများ **REDD+**မှ အကျိုးခံစားမှုရှိစေရန် လိုအပ်ချက်နှင့် ဆက်နွယ်လျက်ရှိပါသည်။

### (ဆ) ကာဗွန်ထုတ်လွှတ်မှုများ အခြားနေရာများမှ ဖြစ်ပေါ်လာမှုအား လျော့နည်းစေရန် ဆောင်ရွက်ချက်များ

အကယ်၍ သစ်တောများ ပျက်စီးပြုန်းတီးခြင်းသည် **REDD+**ရှေ့ပြေးစီမံကိန်းနယ်မြေများတွင် လျော့နည်းလာသော်လည်း အခြားဒေသများ၌ မြင့်မားနေမည်ဆိုပါက ခြုံငုံကြည့်လျှင် သစ်တောများ ပျက်စီးပြုန်းတီးမှု လျော့နည်းလာမည်မဟုတ်ပါ။ စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးလုပ်ငန်း သို့မဟုတ် သစ်ထုတ်ခြင်းလုပ်ငန်းတစ်ခုအနေဖြင့် တောတစ်တောမှ အခြားတောတစ်တောသို့ နေရာရွှေ့လုပ်ဆောင်နေခြင်းသည် အောင်မြင်သည့် **REDD+** စီမံကိန်း ဖြစ်လာမည်မဟုတ်ပါ။

## မြန်မာနိုင်ငံ အမျိုးသားအဆင့် REDD+ဆိုင်ရာ လူမှုရေးနှင့် ပတ်ဝန်းကျင် ရေးရာကာကွယ် စောင့်ရှောက်ပေးမှုများ

မြန်မာနိုင်ငံသည် နိုင်ငံအဆင့် **REDD+**ဆိုင်ရာ မဟာဗျူဟာတစ်ရပ် ရေးဆွဲသည့်လုပ်ငန်းအား ဆောင်ရွက်လျက်ရှိပါသည်။ သစ်တောဦးစီးဌာနနှင့် **REDD+**ဆိုင်ရာ ပင်မယူနစ်တို့သည် **ITTO**နှင့်အတူတကွပူးပေါင်းလျက် မြန်မာနိုင်ငံ၏**REDD+** အစီအစဉ်အတွက် လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာ ကာကွယ်စောင့်ရှောက်မှုများကို ပြင်ဆင်ရေးဆွဲလျက်ရှိပါသည်။ **UNREDD**အစီအစဉ်၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံတွင် ကာကွယ်စောင့်ရှောက်ပေးမှုများကို အသိအမှတ်ပြု လေးစားလိုက်နာနိုင်ရေးအတွက် လမ်းပြမြေပုံတစ်ခုနှင့် လုပ်ငန်းအစီအစဉ်တစ်ရပ်အား လက်ရှိအချိန်တွင် ရေးဆွဲလျက်ရှိပါသည်။

နိုင်ငံအဆင့် ကာကွယ်စောင့်ရှောက်ပေးမှုများသည် **REDD+**အစီအစဉ်အား ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းတို့ဆောင်ရွက်ရာ၌ အမျိုးသမီးများနှင့် ဌာနေတိုင်းရင်းသားများ အခိပ္ပာယ်လေးနက်

ပြည့်ဝစွာ ပူးပေါင်းပါဝင်မှုရှိရန် လိုအပ်လျက်ရှိကြောင်းကို အတည်ပြုထားပါသည်။ အစီအစဉ်သည် အမျိုးသမီးများ၏ ဦးစားပေးများနှင့် အမြင်အမျိုးမျိုးတို့အား **REDD**+လုပ်ငန်းစဉ်တွင် အလေးထား ထည့်သွင်းပေါင်းစပ်မှု ရှိရေးကို ရည်မှန်းထားသင့်ပါသည်။ သို့မှသာ **REDD**+မှ ဆောင်ကြဉ်းလာမည့် အကျိုးကျေးဇူးများကို သာတူညီမျှရှိစွာနှင့် ၎င်းတို့ကိုယ်ပိုင် စည်းကမ်းသတ်မှတ်ချက်များဖြင့် ရရှိခံစားစေမည်ဖြစ်ပါသည်။

**အခြေခံမူ(၁) REDD+အစီအစဉ်များသည် မြေယာများ၊ နယ်နိမိတ်များနှင့် သဘာဝသယံဇာတနှင့် စပ်လျဉ်းသည့် အခွင့်အရေးများကို အသိအမှတ်ပြုလေးစားလိုက်နာရမည်။**

ဤအခြေခံမူအား ပြည့်ဝစွာရရှိစေရန်အလို့ငှာ၊ မြန်မာနိုင်ငံ၏ **REDD**+အစီအစဉ်၊ မူဝါဒများနှင့် မြေအသုံးချမှုအစီအစဉ်များသည် မြေယာများ၊ သစ်တောများနှင့် အခြား သဘာဝသယံဇာတများနှင့် ပတ်သက်သည့် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ မြေယာပိုင်ဆိုင်ခွင့်နှင့် မိရိုးဖလာ မြေယာပိုင်ဆိုင်မှုအခွင့်အရေးများကို အသိအမှတ်ပြု လေးစားလိုက်နာရမည်ဖြစ်ပါသည်။ ယင်းမြေယာပိုင်ဆိုင်မှုအခွင့်အရေးများ၌ ပါဝင်သည့် ဝင်ရောက်သွားလာခွင့်၊ စီမံခန့်ခွဲခွင့်နှင့် အသုံးပြုခွင့်တို့ကို တစ်ဦးချင်းစီအတွက်သော်လည်းကောင်း၊ စုပေါင်းထားသည့် အဖွဲ့အတွက်သော်လည်းကောင်း အခွင့်အရေးနှစ်ရပ်လုံး ပါဝင်မည်ဖြစ်ပါသည်။ မည်သည့် သဘာဝသယံဇာတများသည် မည်သူပိုင်ဆိုင်ခွင့်ရှိသည်ဟု ခွဲခြားသတ်မှတ်သည့် လုပ်ငန်းလုပ်ဆောင်ရာတွင် အမျိုးသမီးများနှင့် ထိခိုက်လွယ်သည့်အုပ်စုများပါဝင်သည့် ပူးပေါင်းပါဝင်မှုလုပ်ငန်းစဉ် တစ်ရပ်ဖြင့်ဆောင်ရွက်ရပါမည်။

**REDD**+လုပ်ငန်းစဉ်သည် မြေယာများနှင့် သဘာဝသယံဇာတဆိုင်ရာ ၎င်းတို့၏ အခွင့်အရေးများကို တစ်နည်းနည်းဖြင့် ထိခိုက်စေနိုင်သည့်အတွက် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ **FPIC**သဘောတူညီချက်ရရှိရန်လည်း လိုအပ်ပါသည်။ **FPIC**ကို **REDD**+အစီအစဉ်များ၏ ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းနှစ်ရပ်လုံးတွင် အသုံးပြုရမည်ဖြစ်ပါသည်(၁. ၃)။ ဒေသခံပြည်သူများသည် အမျိုးသမီးများနှင့် ထိခိုက်လွယ်သည့် အုပ်စုများအပါအဝင် အဖွဲ့ဝင်များအားလုံး၏ သဘောထားအမြင်အမျိုးမျိုးကို ထည့်သွင်းစဉ်းစားစေမည့် FPICလုပ်ငန်း

စဉ်တစ်ရပ်ကို သတ်မှတ်ရမည် ဖြစ်ပါသည်။

**REDD+**တွင် ကာဗွန်စုပ်ယူသိုလှောင်မှုအတွက် ငွေပေးချေမှုများပါဝင်လာပါက ကာဗွန်ပိုင်ဆိုင်မှု အခွင့်အရေးများကို မြေယာနှင့် သဘာဝသယံဇာတများအပေါ် ပုံမှန် မြေယာပိုင်ဆိုင်ခွင့်များနှင့် မိရိုးဖလာမြေယာပိုင်ဆိုင်မှု အခွင့်အရေးများကို အခြေခံရမည်ဖြစ်ပါသည်(၁. ၄)။ ကာဗွန်ပိုင်ဆိုင်မှုများကို တောင်းဆိုလာစေရန် တွန်းအားပေးနေသည့် မြေယာသိမ်းယူပိုင်ဆိုင်မှုများကို ကာကွယ်ပေးရန်လည်း လိုအပ်ပါသည်။

**အခြေခံမူ(၂) REDD+အစီအစဉ်မှ ရရှိမည့်အကျိုးကျေးဇူးများကို ပိုင်ဆိုင်ခွင့်ရှိသူများနှင့် ဆက်စပ်ပတ်သက်သူများအကြား ညီညွတ်မျှတစွာ ခွဲဝေရရှိစေရမည်။**

**REDD+**အစီအစဉ်သည် ရရှိလာမည့်အကျိုးကျေးဇူး၊ ယင်းလုပ်ငန်းအတွက် ကုန်ကျစရိတ်များနှင့် ကြုံတွေ့ရမည့် အန္တရာယ်များကိုဆန်းစစ်သည့်အခါ ယင်းအစီအစဉ်နှင့် စီမံကိန်းဒီဇိုင်းရေးဆွဲသည့်ကာလတွင် အမျိုးသမီးများနှင့် ထိခိုက်လွယ်သည့် အုပ်စုများပါဝင်လာစေရန် အထူးအလေးပေး ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သာတူညီမျှဖြစ်စေသည့် အကျိုးအမြတ်ခွဲဝေရေးဆိုင်ရာ လမ်းညွှန်ချက်များသည် **REDD+**မှ အကျိုးအမြတ်များကို အမျိုးသမီးများနှင့် ထိခိုက်လွယ်သည့် အုပ်စုများရရှိစေရေးကိုလည်း သေချာစေသင့်ပါသည်။ အကျိုးအမြတ်များကို သာတူညီမျှခွဲဝေရမည်ဖြစ်ပြီး ဆက်စပ်ပတ်သက်သူများအနေဖြင့် မည်သို့ခွဲဝေမည်၊ မည်သည့်အကျိုးအမြတ်မျိုးများရရှိစေမည် မည်သို့ခွဲဝေပေးမည် စသည်ဖြင့်ဆုံးဖြတ်ရာတွင် ပံ့ပိုးကူညီပေးရပါမည်။ ဥပမာအားဖြင့် အကျိုးအမြတ်များကို ဒေသခံပြည်သူတစ်ဖွဲ့လုံး၏ ရန်ပုံငွေအဖြစ်ခွဲဝေပေးပြီး ယင်းကို ဒေသခံတစ်ရပ်လုံး အကျိုးရှိစေမည့်နယ်ပယ်များတွင် မည်သို့အသုံးပြုမည် ဖြစ်ကြောင်း လမ်းညွှန်ချက်များဖြင့် ပေးနိုင်ပါသည်။

**အခြေခံမူ(၃) REDD+လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှတဆင့် ဒေသခံပြည်သူများနှင့် ဌာနေတိုင်းရင်းသားများ (တိုင်းရင်းသားလူမျိုးစုများ) အထူးသဖြင့် ထိခိုက်လွယ်သော လူတန်းစားများ၏ အသက်မွေးဝမ်းကြောင်းမှု လုပ်ငန်းများနှင့် လူမှုဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုစေရမည်။**

**REDD+**ကို ဒီဇိုင်းရေးဆွဲသည့်အခါတွင် အထူးအလေးထားရမည့်သူများမှာ အမျိုးသမီးများ၊ ဌာနေတိုင်းရင်းသားများနှင့် ထိခိုက်လွယ်သည့် အုပ်စုများဖြစ်ပြီး ယင်းအစီအစဉ်သည် ၄င်းတို့၏ အသက်မွေးဝမ်းကြောင်းမှုများကို ပိုမိုကောင်းမွန်စေကာ ထိခိုက်လွယ်သူများ ထပ်မံမဖြစ်စေရေးကို သေချာမှုရှိစေရမည်ဖြစ်ပါသည်။

**အခြေခံမူ(၄) REDD+လုပ်ငန်းစဉ်သည် ကောင်းမွန်သော စီမံအုပ်ချုပ်မှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူပြုစေရမည်။**

**REDD+**လုပ်ငန်းစဉ်ဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူတစ်ရပ်လုံးသိရှိစေခြင်း၊ သတိမထားမိခြင်း(**over-sight**)အား ထိန်းချုပ်ခြင်း၊ ထိရောက်သည့် စာရင်းအင်းစစ်ဆေးခြင်းများဖြင့် အဂတိလိုက်စားမှုနှင့် ရန်ပုံငွေအလွဲသုံးစားမှု အန္တရာယ်များလျော့နည်းစေရန် ပွင့်လင်းမြင်သာမှုရှိစွာ စီမံခန့်ခွဲရမည်ဖြစ်ပါသည်။ **REDD+**လုပ်ငန်းစဉ်သည် သစ်တောများအား စီမံအုပ်ချုပ်မှုကောင်းမွန်စေရေးနှင့် သစ်တောများ ပျက်စီးပြုန်းတီးမှုကို အားပေးအားမြှောက်ဖြစ်စေသည့် အခြားကဏ္ဍများအား ထိန်းသိမ်းမှုကောင်းမွန်စေရေး ရည်ရွယ်ချက်များထားရှိသည့် အကောင်အထည်ဖော်မှု ရည်မှန်းချက်များ ချမှတ်ထားသင့်ပါသည်။ (၄. ၅)

**အခြေခံမူ(၅) REDD+လုပ်ငန်းစဉ်သည် ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ် ဝန်ဆောင်မှုများကို ထိန်းသိမ်းကာကွယ်၍ ပိုမိုတိုးတက်ကောင်းမွန်စေရမည်။**

**REDD+**လုပ်ငန်းစဉ်သည် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ကို ကန်ကွန်းသဘောတူညီချက်၏ နိုင်ငံတကာကာကွယ်စောင့်ရှောက်ပေးမှု(င)နှင့် အညီ ထိန်းသိမ်းကာကွယ်ရမည်။

**အခြေခံမူ(၆) REDD+အစီအစဉ်တွင် သက်ဆိုင်ရာ ဆက်စပ်ပတ်သက်သူများအားလုံး ထိရောက်စွာ အပြည့်အဝ ပူးပေါင်းပါဝင်စေရမည်။**

**REDD+**အစီအစဉ်တွင် ဌာနေတိုင်းရင်းသားများ၊ ဒေသခံပြည်သူများ၊ အမျိုးသမီးများနှင့် ထိခိုက်လွယ်သည့်အုပ်စုများ အပါအဝင် စိတ်ဝင်စားသည့် ဆက်စပ်ပတ်သက်သူများအားလုံး

ထိရောက်စွာ အပြည့်အဝပူးပေါင်းပါဝင်မှု ရှိရမည်ဖြစ်ပါသည်။ အဆိုပါအဖွဲ့များသည် **REDD+**အစီအစဉ်၏ အကောင်အထည်ဖော်မည့် ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် သုံးသပ်ခြင်းများတွင် ပါဝင်ရမည်ဖြစ်ပြီး ယင်းအစီအစဉ်ဆိုင်ရာ အစည်းအဝေးများနှင့် သဘောထားခံယူသည့် ဆွေးနွေးပွဲများ တက်ရောက်နိုင်ရေးအတွက် ၎င်းတို့၏ ကိုယ်စားလှယ်များကို ကိုယ်တိုင်ရွေးမြောက်စေလွှတ်နိုင်ရမည်။(၆. ၂)

အစီအစဉ်သည် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများကပြုလုပ်လေ့ရှိသည့် မိရိုးဖလာစီမံခန့်ခွဲမှုနှင့် ဆုံးဖြတ်ချက်ပေးမှု လုပ်ငန်းစဉ်များကို လေးစားလိုက်နာရမည်ဖြစ်ပြီး ယင်းတို့ကို အလေးမထားမှု မရှိစေရေးသေချာစေရမည်ဖြစ်ပါသည်။ ရိုးရာဓလေ့ အသိပညာဗဟုသုတများ၊ ကျွမ်းကျင်ပိုင်နိုင်မှုများနှင့် စီမံခန့်ခွဲမှုဆိုင်ရာစနစ်များကို **REDD+**အစီအစဉ်၏ ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းများတွင် ထည့်သွင်းပေါင်းစပ်ပေးရမည်ဖြစ်ပြီး ရိုးရာဓလေ့ အသိပညာဗဟုသုတများ ရယူအသုံးပြုနိုင်ရေးအတွက်လည်း **FPIC**ကို ရယူရမည်ဖြစ်ပါသည်။ (၆. ၃)

**REDD+**အစီအစဉ်သည် ဆက်စပ်ပတ်သက်သူများ **REDD+**လုပ်ငန်းစဉ်တွင် ထိရောက်အကျိုးရှိစွာ ပူးပေါင်းပါဝင်နိုင်ရေးအတွက် လိုအပ်သည့် အသိပညာဗဟုသုတနှင့် စွမ်းဆောင်ရည်များရှိရေးကိုလည်း အလေးထားရမည်ဖြစ်ပါသည်(၆. ၅)။ အမျိုးသမီးများ၊ ဌာနေတိုင်းရင်းသားများ၊ ဒေသခံပြည်သူများနှင့် ထိခိုက်လွယ်သူများသည် **REDD+**လုပ်ငန်းစဉ်တွင် ၎င်းတို့ အပြည့်အဝပူးပေါင်းပါဝင်နိုင်ရေး သေချာမှုရှိစေရန် သင်တန်းများပို့ချခြင်းနှင့် ရည်မှန်းချက်အတိုင်းဖြစ်စေမည့် ကြိုးပမ်းအားထုတ်မှုများ ဆောင်ရွက်ပေးရန် လိုအပ်နိုင်ပါသည်။ ဆက်စပ်ပတ်သက်သူများ၏ ကိုယ်စားလှယ်များအနေဖြင့် ရရှိလာသည့်သတင်းအချက်အလက်များကို ပြန်လည်ဝေမျှပေးနိုင်ရမည်ဖြစ်ပြီး ၎င်းတို့ ကိုယ်စားပြုပါဝင်နေသည့် နယ်ပယ်များတွင်လည်း ပါဝင်ဆောင်ရွက်မှုရှိကာ ပေါင်းစပ်ညှိနှိုင်းနိုင်ရမည်ဖြစ်ပါသည် (၆. ၆)။ မကျေနပ်မှု၊ အငြင်းပွားမှု ပြဿနာများဖြေရှင်းပေးသည့် ယန္တရားကို **REDD+** အတွက်ဖွဲ့စည်းတည်ထောင်ပေးရမည် ဖြစ်ပါသည် (၆. ၄)။

**အခြေခံမူ(၇) REDD+အစီအစဉ်သည် သက်ဆိုင်ရာဥပဒေများ၊**

**အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ၊ ကြေညာချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ရမည်။**

ဒေသအဆင့် သို့မဟုတ် နိုင်ငံအဆင့် ဥပဒေများသည် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ၊ ကြေညာချက်များနှင့် ကိုက်ညီမှုမရှိပါက ယင်းအားနည်းကွာဟချက်များနှင့် ကွဲပြားချက်များကို ညှိနှိုင်းအဖြေရှာပေးမည့် လုပ်ငန်းစဉ်တစ်ရပ်ကို တည်ထောင်ပေးရမည်။ နိုင်ငံတကာ ကာကွယ်စောင့်ရှောက်ပေးမှုများနှင့်အညီ အမျိုးသမီးများ၏ အခွင့်အရေးများနှင့် ပတ်သက်၍ သင့်လျော်ကိုက်ညီမှု အရှိဆုံး ကြေငြာချက်များမှာ **CEDAW**နှင့် **UNDRIP**တို့ဖြစ်ကြပါသည်။

# ပုံနှင့် – ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့၏ ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ အခွင့်အရေးဆိုင်ရာ လုပ်ဆောင်မှု မှတ်တမ်းဓါတ်ပုံများ



ရာသီဥတုပြောင်းလဲမှုကြောင့် ဌာနေတိုင်းရင်းသူအမျိုးသမီးများအပေါ် အကျိုးသက်ရောက်မှုအခြေအနေအား စစ်တမ်းကောက်ယူနိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား ပြုလုပ်ကျင်းပခဲ့စဉ်။



ဂျဲန်ဒါဆိုင်ရာ အသိအမြင်ဖွင့်သင်တန်းကို မြတ်သာကုန်းကျေးရွာ၊ သံတောင်ကြီးမြို့တွင်ပြုလုပ်ခဲ့စဉ်။



ရာသီဥတုပြောင်းလဲမှုကြောင့် ဌာနေတိုင်းရင်းသူအမျိုးသမီးများအပေါ် အကျိုးသက်ရောက်မှုအခြေအနေအား အချက်အလက်များကောက်ယူသည့် တွေ့ရှိချက်များပြန်လည်ဝေမျှခြင်းဆိုင်ရာ ဒုတိယအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲအား ပြုလုပ်ကျင်းပခဲ့စဉ်။




ရန်ကုန်မြို့တွင် **CAM** ပြန်လည်စုစည်းခြင်း၊ အားကောင်းလာစေခြင်း နှင့် မဟာဗျူဟာရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပွိုင့်မှ ပါဝင်ဆွေးနွေးတက်ရောက်ခဲ့စဉ်။




"ဌာနေတိုင်းရင်းသူအမျိုးသမီးများနှင့် ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်မှုဆိုင်ရာ အာရှအဆင့်အလုပ်ရုံဆွေးနွေးပွဲ"ကို ရန်ကုန်မြို့ရှိ အင်းယားလိပ်ဟိုတယ်တွင်ကျင်းပစဉ် အဖွဲ့လိုက်မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်း။



ပဲခူးရိုးမရှိ ရွှေတောင်ငွေတောင်ကျေးရွာနှင့် ပေါက်ခေါင်းကျေးရွာ၌ ရာသီဥတုပြောင်းလဲမှုတွင် ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ ပါဝင်မှုဆိုင်ရာအခန်းကဏ္ဍနှင့် ပတ်သက်၍ စစ်တမ်းများကောက်ယူခဲ့စဉ်။




ဆားပေါက်ကျေးရွာ၌ ပြုလုပ်ခဲ့သော "ဂျဲန်ဒါ အသိပညာပေးသင်တန်းသို့" တက်ရောက်လာသောဆားပေါက်ကျေးရွာမှ ဌာနေတိုင်းရင်းသူ အမျိုးသမီး/အမျိုးသားများနှင့် ကလေးသူများအပါအဝင် မှတ်တမ်းတင် ဓါတ်ပုံရိုက်ကူးစဉ်။




(၄)ကြိမ်မြောက် အာရှဌာနေတိုင်းရင်းသူ အမျိုးသမီးများကွန်ယက်ညီလာခံကို ထိုင်းနိုင်ငံရှိ ဘန်ကောက်မြို့တွင်ကျင်းပခဲ့စဉ် ပွဲဖွင့်အဖွဲ့ဝင် မနူးရာမှ ပါဝင်တက်ရောက်ခဲ့ပါသည်။



ညောင်ရွှေရှိ ဟော်တယ်ဟူပင်၌ စီဒေါလုပ်ငန်းစဉ်ဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှုနှင့် မူဝါဒရေးရာလျှောက်လဲခြင်းအတွက် သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ပါဝင်လာကြသူများနှင့် ပွိုင့်အဖွဲ့မှ အမှတ်တရ ဓာတ်ပုံရိုက်ကူးစဉ်။




“ မြန်မာနိုင်ငံရှိ ရက်ဒ်အပေါင်း အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ဂျဲန်ဒါဆိုင်ရာ အမျိုးသားအဆင့် စွမ်းဆောင်ရည်မြှင့်သင်တန်း” ကို နေပြည်တော်ရှိ Hotel Horizonတွင်ကျင်းပစဉ် အဖွဲ့လိုက်မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခြင်း။



CAM(CEDAW Action Myanmar) လစဉ်အစည်းအဝေးကို အဖွဲ့ဝင် WCDI (Women CanDo It) ရုံးခန်းတွင်ပြုလုပ်ခဲ့စဉ်။



CAM (CEDAW Action Myanmar)၏ စီမံခန့်ခွဲရေးအဖွဲ့မှ အဖွဲ့၏ မဟာဗျူဟာရေးဆွဲရေးနှင့် ပတ်သက်ပြီးအစည်းအဝေးပြုလုပ်ကျင်းပခဲ့သည်။



FIMI/ IIWF(International Indigenous Women's Forum) နှင့် FAOတို့မှ ပူးပေါင်းပြီး TOT on Human Rights, Food and Nutrition security သင်တန်းအစီအစဉ်ကို အမယ်ဒါဘတ်မြို့ ဂူဂျာရတ်ပြည်နယ် အိန္ဒိယနိုင်ငံတွင်ပြုလုပ်ကျင်းပပြီး ပွဲ့ငှ်အဖွဲ့မှလည်း တက်ရောက်ပါဝင်ခဲ့သည်။



ပဲခူးတိုင်းပေါက်ခေါင်းမြို့နယ်ရှိ ရွှေတောင်ငွေတောင်ကျေးရွာဟောင်းသို့ သွားရောက်၍ ၎င်းကျေးရွာဟောင်းတွင် ဆက်လက်နေထိုင်သူ ဌာတိုင်းရင်းသူအမျိုးသမီးအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့စဉ် မှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးခြင်း။

# ပွိုင့် – ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့၏ ဌာနေတိုင်းရင်းသူအမျိုးသမီးများဆိုင်ရာ ပုံနှိပ်ထုတ်ဝေမှုများ




စီဒေါဆိုတာ ဘာလဲ။




မြန်မာနိုင်ငံရှိသစ်တောစီမံခန့်ခွဲမှု၊ အမျိုးသမီးအခွင့်အရေးများနှင့် REDD+ ရက်(ဒ်) အပေါင်း





Rights to Respect amidst the era of Climate Change: Regional Learning workshop on IP Women and Customary Land Tenure.




REDD+နှင့် အမျိုးသမီးများ၏ အခွင့်အရေးများ




ကာဗွန်နှင့် မသက်ဆိုင်သည့် အကျိုးကျေးဇူးများ SBSTA ဆိုင်ရာ ဌာနေတိုင်းရင်းသားများ၏ ရှုထောင့်များနှင့် ထောက်ခံချက်များ



ဌာနေတိုင်းရင်းသားလူမျိုးများဆိုင်ရာ အခွင့်အရေးကြေငြာစာတမ်း (UNDRIP)နှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားထားမှု ပပျောက်ရေးသဘောတူစာချုပ်(CEDAW)တို့တွင် ဖော်ပြပါရှိသော ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ အခွင့်အရေး။




အာဆီယံအစိုးရများ လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်နှင့် ဌာနေတိုင်းရင်းသားများ (AICHR)




ရေရှည်တည်တံ့သော မြန်မာ့သစ်တောစီမံခန့်ခွဲမှုတွင် ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ ပါဝင်မှု အခန်းကဏ္ဍ



စိမ်းလန်းကျန်းမာသည့် သစ်တောများ ရေရှည်တည်တံ့သည့်စီမံခန့်ခွဲမှုတွင် ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ အခန်းကဏ္ဍနှင့်ပံ့ပိုးမှုများ အသိအမှတ်ပြု လေးစားပြီး မြှင့်တင်ရန်။